

# မြန်မာနိုင်ငံ၏
# ပွဲလမ်းသဘင်စီစဉ်ခြင်းနှင့်
# **ပရိသတ်လူထုလုံခြုံရေး စီမံခန့်ခွဲမှုဆိုင်ရာ အကျဉ်းချုံးစာတမ်း**


Stephen Otter

တရားဥပဒေစိုးမိုးရေးဆိုင်ရာ အကြီးတန်း အကြံပေး



The Asia Foundation

Improving Lives, Expanding Opportunities

မြို့ပြလုံခြုံမှုဆိုင်ရာ စီမံကိန်း

# မြန်မာနိုင်ငံ၏ ပွဲလမ်းသဘင်စီစဉ်ခြင်းနှင့် ပရိသတ်လူထုလုံခြုံရေး စီမံခန့်ခွဲမှုဆိုင်ရာ အကျဉ်းချုံးစာတမ်း

စတီဖဲင် အော်တာ
တရားဥပဒေစိုးမိုးရေးဆိုင်ရာ အကြီးတန်း အကြံပေး

ဒီဇင်ဘာလ ၂၀၁၇

# အာရှဖွံ့ဖြိုးရေးဘဏ် နှင့် မြို့ပြလုံခြုံမှုဆိုင်ရာ စာတမ်းတိုများအကြောင်း

အာရှဖွံ့ဖြိုးရေးဘဏ်သည် တိုးတက်ဖွံ့ဖြိုးနေသည့် အာရှတိုက်တစ်ဝှမ်းရှိ လူမှုဘဝများတိုးတက်စေရန် အစဉ်ကြိုးပမ်းနေသည့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သည်။ ခြောက်ရာစုနှစ်ကြာအတွေ့အကြုံနှင့် ဒေသန္တရကျွမ်းကျင်မှုဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပရိုဂရမ်များသည် အုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီး စွမ်းရည်မြှင့်တင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစရှိသည့် ၂၁ ရာစုနှစ်တွင် အာရှတိုက်ကို သက်ရောက်မှုရှိနေသည့် အဓိကပြဿနာများကို ဖြေရှင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အာရှတိုက်အတွက် ထုတ်ဝေထားသည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ စာအုပ်များနှင့် အတတ်ပညာဆိုင်ရာ ဖလှယ်မှုများသည်လည်း အာရှတိုက်အနေဖြင့် ကမ္ဘာပေါ်တွင် ဆက်လက်ဖွံ့ဖြိုးပြီး ငြိမ်းချမ်း၍ တရားမျှတသော ဒေသအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စေရန်အတွက် အားပေးကူညီမှုပြုသည့် နည်းလမ်းများပင်ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်သည် အာရှနိုင်ငံ ၁၈ နိုင်ငံရှိ ရုံးများနှင့် ဝါရှင်တန်ဒီစီရှိရုံးများ ကွန်ယက်ဖွဲ့ လုပ်ဆောင်နေခြင်းဖြစ်သည်။ အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိက ပါတနာအဖွဲ့အစည်းများနှင့် အတူတကွလုပ်ဆောင်ခြင်းဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်သည် နှစ်ဦးနှစ်ဖက်နှင့် ဘက်ပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအေဂျင်စီများ၊ ဖွံ့ဖြိုးရေးဘဏ်များ၊ ကော်ပိုရေးရှင်းများနှင့် တသီးပုဂ္ဂလများစသည့် မတူကွဲပြားသော အုပ်စုတို့မှ ထောက်ပံ့ငွေများ ရရှိပါသည်။

မြို့ပြလုံခြုံရေးစာတမ်းတိုများသည် ပြည်ထောင်စုအဆင့်နှင့် ဒေသဆိုင်ရာအဆင့်ရှိ မြန်မာမူဝါဒချမှတ်ရေးဆွဲသူများနှင့် အခြားသော စိတ်ပါဝင်စားသည့် ကဏ္ဍပေါင်းစုံမှ ပါဝင်ပက်သက်သူများကို မြန်မာနိုင်ငံရှိ မြို့ပြနေရာများတွင် အများပြည်သူဘေးကင်းလုံခြုံရေးအတွက် အသုံးချနိုင်သော (သို့) ပြုပြင်ပြောင်းလဲ၍ အသုံးပြုနိုင်သော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းသာဓကများနှင့် သရုပ်ခွဲခြင်းကို ပံ့ပိုးထောက်ပံ့ပေးရန် ရည်ရွယ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်တွင် မြို့ပြအုပ်ချုပ်မှုနှင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် မူဝါဒရေးရာ သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေခြင်း အစီအစဉ်များရှိပါသည်။ ဤမြို့ပြလုံခြုံရေး စာတမ်းတိုများသည် ထိုလုပ်ငန်းများကို အထောက်အကူပြုသည့် စာတမ်းများဖြစ်သည်။ ဤစာတမ်းတိုများပြုစုရန်အတွက် ယူကေအစိုးရမှ ထောက်ပံ့ထားပါသည်။ ဤစာတမ်းတွင်ပါရှိသော အတွေးအမြင်များသည် စာတမ်းပြုစုရေးသားသူများ၏ အတွေးအမြင်များသာဖြစ်ပြီး ယူကေအစိုးရ သို့မဟုတ် အာရှဖွံ့ဖြိုးရေးဘဏ်အား ကိုယ်စားပြုခြင်း မရှိပါ။

# ကျေးဇူးတင်လွှာ

စာတမ်းပြုစုရေးသားသူမှ ဤစာတမ်းတစ်ခုချင်းစီပြင်ဆင်ရာတွင် အကူအညီပေးခြင်း၊ စာတမ်းရေးသားပြုစုသည့် လုပ်ငန်းစဉ်တွင် အချိန်နှင့် အကြံဉာဏ်များ ပေးခဲ့ခြင်းတို့အတွက် Lucian Harriman ကို ကျေးဇူးတင်လိုပါသည်။

# စာတမ်းပြုစု ရေးသားသူအကြောင်း

Stephen Otter သည် မြို့ပြလုံခြုံရေးစီမံကိန်းအတွက် အာရှဖောင်ဒေးရှင်းမှခန့်အပ်ထားသည့် အကြီးတန်း တရားဥပဒေစိုးမိုးရေး အကြံပေးဖြစ်ပါသည်။ ၂၀၁၂ မှ ၂၀၁၆ ခုနှစ်အတွင်းတွင် စတီဖင်အော်တာသည် လန်ဒန်မြို့တော်ရဲတပ်ဖွဲ့၊ နိုင်ငံအဆင့် ရာဇဝတ်မှုအေဂျင်စီ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဗြိတိသျှနိုင်ငံရပ်ခြားဒေသများ နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး စသည်တို့တွင် စစ်ဆေးရေးနှင့် ထိန်းသိမ်းကြပ်မတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘုရင်မကြီးမှခန့်အပ်ထားသည့် ရဲတပ်ဖွဲ့မှ စစ်ဆေးရေးအရာရှိတစ်ဦးဖြစ်သည်။ ထိုအချိန်မတိုင်မီတွင် စတီဖင်အော်တာသည် ဒီဗွန်နှင့် ကွန်းဝေါမြို့ရဲတပ်ဖွဲ့၏ အကြီးအကဲဖြစ်ခဲ့ပြီး ယူကေရှိ ရဲတပ်ဖွဲ့ဝင်အကြီးအကဲများ အသင်းအဖွဲ့အတွက် တရားမျှတမှု၊ ကွဲပြားခြားနားမှုနှင့် လူ့အခွင့်အရေးတို့တွင် ဦးတည်လျက် ရဲဝန်ထမ်းပေါင်း ၆၀၀၀ ကို ဦးဆောင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် စတီဖင် အော်တာသည် ဘုရင်မကြီး၏ ရဲဝန်ထမ်း ဆုတံဆိပ်တော်ကို လက်ခံရရှိခဲ့ပါသည်။ သူသည် London School of Economics မှ ရာဇဝတ်မှုဥပဒေဆိုင်ရာ မူဝါဒအထူးပြုဖြင့် မာစတာ ရရှိခဲ့ပြီး ကမ်းဘရစ်ချ်တက္ကသိုလ်မှ ပြစ်မှုဗေဒအထူးပြုဖြင့် ဘွဲ့လွန်ဒီပလိုမာ ရရှိခဲ့သည်။

# မာတိကာ


၁။ နိဒါန်း ........................................ ၁

၂။ အဓိက သဘောတရားနှင့် အသုံးအနှုန်းများရှင်းလင်းချက် ........................................ ၂

  ၂.၁။ ဤစာတမ်းတွင် အသုံးပြုထားသော အသုံးအနှုန်းအဓိပ္ပာယ်များ ........................................ ၂

  ၂.၂။ အခန်းကဏ္ဍနှင့် တာဝန်များ ........................................ ၂

၃။ နိုင်ငံတကာအတွေ့အကြုံပေါ် အခြေခံထားသည့် လမ်းညွှန်ချက် ........................................ ၃

  ၃.၁။ စီစဉ်ခြင်း ........................................ ၄

    ၃.၁.၁။ စီစဉ်ခြင်းမတိုင်မီ လေ့လာဆန်းစစ်စုံစမ်းခြင်း ........................................ ၄

    ၃.၁.၂။ ပွဲလမ်းသဘင်ကို စီစဉ်ခြင်း ........................................ ၅

  ၃.၂။ အန္တရာယ်ဖြစ်နိုင်ခြေများ တွက်ချက်ခန့်မှန်းခြင်း ........................................ ၇

  ၃.၃။ ကြိုတင်ကာကွယ်မှုများ နေရာချထားခြင်း ........................................ ၉

    ၃.၃.၁။ ကျင်းပမည့်နေရာရှိ ကြိုတင်ကာကွယ်မှုများ ........................................ ၉

    ၃.၃.၂။ လူထုစီမံခန့်ခွဲမှုအတွက် ကြိုတင်ကာကွယ်မှုများ ........................................ ၁၁

  ၃.၄။ အရေးပေါ်စီစဉ်မှုနှင့် နည်းလမ်းအဆင့်ဆင့်များ။ ........................................ ၁၃

    ၃.၄.၁။ အရေးပေါ်အခြေအနေများကို စီမံခန့်ခွဲအုပ်ချုပ်ရန် လုပ်ငန်းများ ........................................ ၁၃

    ၃.၄.၂။ အရေးပေါ်စီမံကိန်းနှင့် လုပ်ထုံးလုပ်နည်းများတွင်ရှိ ရဲများ၏ အခန်းကဏ္ဍ ........................................ ၁၇

  ၃.၅။ ဆက်သွယ်ရေး ဆက်ဆံပြောဆိုခြင်း ........................................ ၁၉

    ၃.၅.၁။ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုခြင်း ........................................ ၁၉

    ၃.၅.၂။ ဝန်ထမ်းများအကြား ပြောဆိုဆက်ဆံခြင်း ........................................ ၂၀

  ၃.၆။ လူစုလူဝေးများအား စောင့်ကြည့်ခြင်း ........................................ ၂၁

    ၃.၆.၁။ စောင့်ကြည့်ရမည့် နေရာများ ........................................ ၂၂

    ၃.၆.၂။ စောင့်ကြည့်ရာတွင် အသုံးပြုရမည့် နည်းလမ်းများ ........................................ ၂၂

  ၃.၇။ ပြည်လည်ဆန်းစစ်ခြင်း ........................................ ၂၄

၄။ နိဂုံး ........................................ ၂၄

နောက်ဆက်တွဲ(က) ........................................ ၂၅

# ၁။ နိဒါန်း

မြန်မာနိုင်ငံမှ ပြည်သူများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အကျိုးခံစားနိုင်စေရန်အလို့ငှာ အာရှဖောင်ဒေးရှင်း (TAF) ၏ မြို့ပြဘေးကင်းလုံခြုံရေးစီမံကိန်းတွင် အောက်ဖော်ပြပါအကျိုးကျေးဇူး (၃) မျိုးအား အကောင်အထည်ဖော်နိုင်မည့် အစီအစဉ်များ ထည့်သွင်းထားပါသည်။ ယင်းတို့မှာ -

၁။ မြို့နယ်အဆင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများသည် မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ နှင့် ရပ်ရွာဦးစားပေးအရာများအား ပိုမိုသိရှိနားလည်လာခြင်း။

၂။ ဘေးကင်းလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၏ ပြဿနာဖြေရှင်းခြင်းဆိုင်ရာ အရည်အသွေးများမြင့်မားလာပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများ တိုးတက်လာခြင်း။

၃။ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် နိုင်ငံတော်အဆင့် အစိုးရဌာနများရှိ တာဝန်ရှိသူများအကြား ဌာနအချင်းချင်းနှင့် ပညာရှင်များ၏ မူဝါဒဆိုင်ရာဆွေးနွေးခြင်းများနှင့် မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ အလေ့အကျင့်များ ခိုင်မာလာစေခြင်း။ [1]

အထက်ပါရလဒ်များ ရရှိစေရန် အထောက်အပံ့ပြုသည့်အနေဖြင့် ထိရောက်သော ပွဲလမ်းသဘင်စီစဉ်ခြင်းနှင့် လူစုလူဝေး စီမံခန့်ခွဲခြင်းတို့မှတစ်ဆင့် လူစုလူဝေးများ၏ လုံခြုံမှုကို ဆောင်ကြဉ်းပေးနိုင်မည့် နည်းလမ်းများပါဝင်သည့် ဤစာတမ်းကို ရေးသားပြုစုရန် အာရှဖောင်ဒေးရှင်းမှ ၎င်း၏ အကြီးတန်း တရားဥပဒေစိုးမိုးရေးဆိုင်ရာ အကြံပေးကို တာဝန်ပေးအပ်ခဲ့ပါသည်။ ဤစာတမ်းတွင် အဓိကအားဖြင့် တောင်ကြီးမီးပုံးပျံပွဲကဲ့သို့သော လူအများကို စိတ်အပန်းပြေစေရန် ကျင်းပသည့် ပွဲလမ်းသဘင်များအပေါ် အာရုံစိုက် ရေးသားထားပါ သည်။ ဤစာတမ်းတွင် ယူကေ၊ အိန္ဒိယ၊ နယူးဇီလန်နှင့် ယူအက်စ်အေ နိုင်ငံများမှ မူဝါဒများနှင့် အလေ့အထများကိုလည်း ကောက်နုတ်လေ့လာသွားမည်ဖြစ်သည်။

[1] USP Master Inception Deliverables v20170214 Draft to FCO. Yangon: The Asia Foundation

## ၂။ အဓိက သဘောတရားနှင့် ဝေါဟာရများရှင်းလင်းချက်

### ၂.၁။ ဤစာတမ်းတွင် အသုံးပြုထားသော အသုံးအနှုန်းအဓိပ္ပာယ်များ

**ပွဲလမ်းသဘင်များ။** ။ ပွဲလမ်းသဘင်ဟုဆိုရာတွင် ဤစာတမ်းတွင် လူအများအပြားကို စိတ်အပန်းပြေစေရန် ဖျော်ဖြေသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ပွဲလမ်းသဘင်များကို အဓိကထား ရည်ညွှန်းခြင်းဖြစ်သည်။

**ပရိတ်သတ်။** ။ ပွဲလမ်းသဘင်အခမ်းအနားတစ်ခုခုကို တက်ရောက်ရန် တစ်နေရာတည်းတွင် လူအများအပြား စုဝေးသောအခါ ပရိသတ်လူထုဖြစ်ပေါ်လာသည်။ ထိုအခါ လူစုလူဝေး၏ အပြုအမူများ [2] ကြောင့် အသေးစား (သို့) အကြီးစားဒဏ်ရာ ရရှိနိုင်သည်။ ထို့ကြောင့် ပွဲအတွင်းလူပြည့်ကြပ်မနေစေရန် ထိရောက်လုံခြုံသည့် ပရိသတ် လူစု လူဝေး စီမံခန့်ခွဲမှု အစီအမံများကို ပွဲစီစဉ်သူမှ ပြုလုပ်ထားရမည်ဖြစ်သည်။

**ပွဲစီစဉ်သူ။** ။ ဤစာတမ်းတွင် ပွဲလမ်းသဘင်အတွက် အဓိကတာဝန်ရှိသည့် မည်သူမဆိုအား ပွဲစီစဉ်သူအဖြစ် ရည်ညွှန်းသည်။

**လူစုလူဝေးစီမံခန့်ခွဲမှု။** ။ လူစုလူဝေးစီမံခန့်ခွဲမှု ဟုဆိုရာတွင် လူအများသွားလာလှုပ်ရှားမှုနှင့် ပျော်ရွှင်မှုတို့ကို ကူညီ ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများကို ဤစာတမ်းမှ ပြုစုရေးသားထားသည်။ လူအများသည် အပန်းဖြေ ပျော်ရွှင်မှု၊ ပညာရေး (သို့) အောင်ပွဲခံခြင်း [3] စသည့် ရည်ရွယ်ချက်များဖြင့် ပွဲလမ်းသဘင်များကို တက်ရောက်ကြသည်။ လူစု လူဝေး စီမံခန့်ခွဲမှုသည် ပွဲလမ်းသဘင်အခမ်းအနားသို့ တက်ရောက်လာသော လူအများမှ ၎င်းတို့မျှော်လင့်ထား သည်များကို ထိုပွဲမှရရှိပြီး အိမ်သို့ လုံခြုံချောမွေ့စွာ ပြန်နိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

**လူစုလူဝေးကို ထိန်းချုပ်ခြင်း။** ။ ဤစကားရပ်ကို လူစုလူဝေး စီမံခန့်ခွဲမှုဟူသည့် စကားရပ်နှင့် အလဲအလှယ်ပြု၍ တခါတရံ အသုံးပြုကြသော်လည်း ဤစာတမ်းတွင်မူ ရုတ်ရုတ်သဲသဲဖြစ်ခြင်းနှင့် အဓိကရုဏ်းဖြစ်ပွားခြင်းမှ ကာကွယ်ရန်၊ ဒဏ်ရာအနာတရဖြစ်ခြင်းမှ ကာကွယ်ရန်နှင့် ကျန်းမာရေးနှင့် လုံခြုံရေးအရ ကာကွယ်ခြင်းများ ပြုလုပ်ရန်အလို့ငှာ လူစုများကို ထိန်းချုပ်ခြင်း [4] ကို ဆိုလိုခြင်းဖြစ်သည်။

**ပွဲလမ်းသဘင် လုံခြုံရေး အစီအစဉ်။** ။ ပွဲလမ်းသဘင်တစ်ခုကို လုံခြုံစိတ်ချစွာ ကျင်းပနိုင်ရန် စီမံခန့်ခွဲရေးပိုင်းတွင် ပါဝင်သူအားလုံးမှ အသုံးပြုသောစာဖြင့် ရေးသားထားသည့် အစီအစဉ်တစ်ခုဖြစ်သည်။ ထိုသို့သော ပွဲလမ်းသဘင် လုံခြုံရေးအစီအစဉ်တွင် ပါဝင်သင့်သည့် အကြောင်းအရာအချက်အလက်များကို (၃.၁.၂)တွင် တွေ့နိုင်သည်။

**ကျင်းပမည့်နေရာ လုံခြုံရေး အစီအစဉ်။** ။ အရေးပေါ်လမ်းကြောင်းများနှင့် အခြားသော ခေတ္တနေရာချထားသည့် ပစ္စည်းများအပါအဝင် ပွဲကျင်းပမည့်နေရာ၏ စကေးကျမြေပုံများ။

### ၂.၂။ အခန်းကဏ္ဍနှင့် တာဝန်များ

ဤအပိုင်းတွင် သုတေသနစာရွက်စာတမ်းများအရ ပွဲလမ်းသဘင်များတွင် လူစုလူဝေး စီမံခန့်ခွဲမှုပြုလုပ်ရာတွင် အရေးကြီးသည်ဟု ဖော်ပြထားသော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို စီစစ်ရေးသား ပြုစုထားသည်။

---

[2] Health and Safety Executive, *Managing crowds safely*. HSG154 (Norwich: HMSO, 2000).
[3] Alexander Berlonghi, "Understanding and planning for different spectator crowds," in *Engineering for crowd safety*: Roderick A. Smith and Jim F. Dickie (Eds). (Amsterdam: Elsevier Science Publishers B.V., 1993).
[4] *ibid*

**ပွဲစီစဉ်သူ။** ။ အလုပ်သမားများနှင့် လာရောက်သည့် ပရိသတ်လူထုတွင် ကျန်းမာရေးနှင့် လုံခြုံရေးအန္တရာယ်များ မရှိရန် ပွဲစီစဉ်သူမှ ပွဲလမ်းသဘင်ကို စီစဉ်၊ ခန့်ခွဲ၊ စောင့်ကြည့်ရမည့် တာဝန်များရှိသည်။ [5] ပွဲစီစဉ်သူသည် ကျိုးကြောင်းဆီလျော် သင့်တော်စွာ လုပ်ဆောင်နိုင်သည့် အတိုင်းအတာအထိ လာရောက်သည့်ပရိသတ်ကို လုံခြုံမှု ပေးရမည်ဖြစ်သည်။ အချို့သော ပရိသတ် လုံခြုံရေးအပိုင်းများ (ဥပမာ - ပွဲများတွင်စောင့်ကြပ်ခြင်း) ကို အခြားသော အဖွဲ့အစည်းများသို့ ခွဲဝေနိုင်သော်လည်း၊ ပရိသတ်လူထုလုံခြုံရေးအတွက်ကိုမူ ပွဲစီစဉ်သူမှ အလုံးစုံ တာဝန်ခံရမည် ဖြစ်သည်။

**လုံခြုံရေးအရာရှိ။** ။ ပွဲလမ်းသဘင်တွင် လုံခြုံရေးအပိုင်းအားလုံးကို ချိတ်ဆက်ညှိနှိုင်းလုပ်ဆောင်ရန် ပွဲစီစဉ်သူမှ ခန့်အပ်ထားသူဖြစ်သည်။

**ရဲတပ်ဖွဲ့ဝင်များ။** ။ တရားစီရင်ပိုင်ခွင့်နယ်ပယ်အတွင်းတွင် အများပြည်သူဆိုင်ရာ ပွဲလမ်းသဘင်များနှင့် သက်ဆိုင်သည့် အဓိကလုပ်ငန်းလည်ပတ်မှု စစ်ဆင်ရေးတာဝန်များအပြင် အောက်ပါတာဝန်များကိုလည်း ရဲတပ်ဖွဲ့မှ တာဝန်ယူရသည်။

- အသက်နှင့် စည်းစိမ်ဥစ္စာများကို စောင့်ရှောက်ခြင်း
- စီစဉ်တကျ ငြိမ်းချမ်းမှုရှိစေခြင်း
- ပြစ်မှုများကျူးလွန်ခြင်းမှ ကာကွယ်ခြင်း
- ရာဇဝတ်မှုများကို စုံစမ်းကာ ကျူးလွန်သူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်း [6]

**ဒေသခံအာဏာပိုင်။** ။ ဒေသခံအာဏာပိုင်သည် အစားအစာသန့်ရှင်းမှု၊ ယာဉ်ကြောခန့်ခွဲမှု၊ အရက်သေစာရောင်းချမှုနှင့် အစားအသောက်ရောင်းချသူများကို လိုင်စင်ထုတ်ပေးခြင်း၊ အရေးပေါ် စီမံခန့်ခွဲခြင်းတို့အတွက် တာဝန်ရှိသည်။

## ၃။ နိုင်ငံတကာ အတွေ့အကြုံပေါ် အခြေခံထားသည့် လမ်းညွှန်ချက်

ဤအပိုင်းကဏ္ဍသည် ပွဲလမ်းသဘင် စီစဉ်သူများအနေအဖြင့် လူထုပရိသတ် လုံခြုံရေးကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အတွက် နိုင်ငံတကာစာရွက်စာတမ်းများထံမှ လက်တွေ့ကျသည့် လမ်းညွှန်ချက်ကို ပေးနိုင်ရန် ရည်ရွယ်သည်။ ဤလမ်းညွှန်ချက်သည် လူစုလူဝေး လုံခြုံရေးရရှိရန် လုပ်ဆောင်ရမည့် နည်းလမ်း ဥပမာ- ပွဲလမ်းသဘင်အမျိုးအစား တစ်မျိုးမျိုးအတွက် သီးသန့်ရည်ညွှန်းသည့် နည်းလမ်းကို ဖော်ပြထားခြင်းမဟုတ်ဘဲ ယေဘုယျဆန်သည့် ချဉ်းကပ်ပုံနည်းလမ်းကို ဖော်ပြထားခြင်းဖြစ်သည်။[7]

ဤအပိုင်းကဏ္ဍတွင် ယူကေ၏ ရဲတပ်ဖွဲ့ဝင်များမှ စစ်ဆင်ရေးလုပ်ဆောင်ခြင်းနှင့် စီစဉ်ခြင်းနည်းလမ်းများနှင့် စပ်လျဉ်း၍ ရဲသင်တန်းကောလိပ်မှ တရားဝင်ခွင့်ပြုထားသော ကျွမ်းကျင်ပညာရှင် လုပ်ရပ်အလေ့အထများ[8] နှင့် လူစုလူဝေး၏ လုံခြုံရေးကို စီမံခန့်ခွဲရေးအတွက် ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာလမ်းညွှန်ချက်များတွင် ပါဝင်သည့် အကြောင်းအရာများကို ချဉ်းကပ်လေ့လာသွားမည်ဖြစ်သည်။[8]

ဤလမ်းညွှန်ချက်ကို အောက်ပါ ခေါင်းစဉ်များအောက်တွင် စီစဉ်တင်ပြသွားမည် ဖြစ်သည်။

- စီစဉ်ခြင်း
- အန္တရာယ်များ တွက်ချက်ခန့်မှန်းခြင်း

[5] Health and Safety Executive (UK). http://www.hse.gov.uk/event-safety/running.htm.
[6] College of Policing (England and Wales). https://www.app.college.police.uk/app-content/operations/operational-planning/core-principles/.
[7] Health and Safety Executive, *Managing crowds*, 2000.
[8] College of Policing (England and Wales). https://www.app.college.police.uk/app-content/operations/.

- ဘေးအန္တရာယ်များကို ဖြေရှင်းနိုင်ရန် ကြိုတင်ကာကွယ်မှုများ နေရာချထားခြင်း။
- ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍအပါအဝင်၊ အရေးပေါ်အခြေအနေအတွက် စီမံချက်နှင့် လုပ်ငန်းစဉ်များ
- ဆက်သွယ်ပြောဆိုမှု
- လူစုလူဝေးကို စောင့်ကြည့်ခြင်း
- ပြန်လည်ဆန်းစစ်ခြင်း

## ၃.၁။ စီစဉ်ခြင်း

အစောပိုင်းအဆင့်မှာပင် ကောင်းမွန်စွာ စီစဉ်ထားလျှင် ပွဲစီစဉ်သူနှင့် အခြား သက်ဆိုင်သူများသည် ပွဲလမ်းသဘင်ကို လုံခြုံစိတ်ချစွာ ကျင်းပနိုင်သည်။ ပွဲလမ်းသဘင်တွင် လူအများ လုံခြုံစိတ်ချစွာ စီမံခန့်ခွဲနိုင်ရန် သတင်းအချက်အလက်စုဆောင်းခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ အကြံဉာဏ်ရယူခြင်းနှင့် ထိရောက်သော ကြိုတင်ကာကွယ်မှုများ နေရာချထားခြင်းတို့အတွက် လုံလောက်သောအချိန်အတိုင်းအတာရှိရန် ခွင့်ပြုထားသင့်သည်။ စီစဉ်ခြင်းလုပ်ငန်းစဉ်၏ အစကနဦးမှပင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ရဲအဖွဲ့များနှင့် အခြားသော အရေးပေါ်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် သင့်တော်သောလူများ ပါဝင်စေရမည်ဖြစ်သည်။

## ၃.၁.၁။ စီစဉ်ခြင်းမတိုင်မီ လေ့လာဆန်းစစ်စုံစမ်းခြင်း

မည်သည့်စီစဉ်ခြင်းမှ မပြုလုပ်မီတွင် ပွဲလမ်းသဘင်အမျိုးအစားနှင့် ကျင်းပသည့်နေရာပေါ် မူတည်၍ လူထုပရိသတ်လုံခြုံရေးကို ထိရောက်စွာစီစဉ်နိုင်သည်ဟု သေချာစေရန် အရေးကြီးပါသည်။ ဤလေ့လာဆန်းစစ် စုံစမ်းခြင်းအလုပ်တွင် ထည့်သွင်းစဉ်းစားရမည့် အရေးကြီးအချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ခန့်မှန်းထားသော လာရောက်မည့်လူအရေအတွက် - ၎င်းကို ခန့်မှန်းတွက်ချက်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားလျှင် ပိုမိုလွယ်ကူအဆင်ပြေနိုင်သည်။
- ယခင်ပွဲများတွင် တက်ရောက်သူဦးရေ
- အလားတူ ပွဲလမ်းသဘင်များသို့ တက်ရောက်သူဦးရေ
- လူအများသိစေရန် လုပ်ဆောင်မှုအတိုင်းအတာ
- ရာသီဥတုနှင့် အများပြည်သူရုံးပိတ်ရက်တို့၏ သက်ရောက်မှုနှင့်
- အထူးဆွဲဆောင်မှုများအတွက် ထပ်မံလာရောက်မည့်သူ ရှိ၊ မရှိ

**ပွဲလာသူများ၏ စရိုက်လက္ခဏာများ -** ပွဲလမ်းသဘင်ကို လုံခြုံစိတ်ချစွာ ကျင်းပနိုင်ရန်အတွက် ကြိုတင်လေ့လာဆန်းစစ်တွက်ချက်မှု ပြုလုပ်ရာတွင် ပွဲလာမည့်သူများ၏ သွင်ပြင်လက္ခဏာများကိုလည်း ထည့်သွင်းစဉ်းစားရမည်။ (ဥပမာ - ကလေးသူငယ်များ၊ အထူးလိုအပ်ချက်ရှိသော ပုဂ္ဂိုလ်များ (မသန်စွမ်းများ) နှင့် သက်ကြီးရွယ်အိုများအတွက် အထူးထည့်သွင်း စဉ်းစားရန်လိုသည်။

ကျင်းပမည့်နေရာသို့ လာရောက်ခြင်းနှင့် ပြန်လည်ထွက်ခွာခြင်း - အောက်ပါပို့ဆောင်ဆက်သွယ်ရေးကိစ္စများအတွက် ကြိုတင်စဉ်းစားထားရမည်။
- အနီးဆုံးဘတ်စ်ကားမှတ်တိုင်နှင့် ရထားဘူတာများ၊ တည်နေရာ လက်ရှိပြေးဆွဲသည့် အချိန်ဇယားနှင့် လုံလောက်မှု ရှိ၊ မရှိ
- ဒေသတွင်း ကားနှင့် ခရီးဝေးသွားဘတ်စကား ရပ်နားကွင်းများ တည်နေရာ
- ကျင်းပမည့်နေရာသို့ လာမည့်လမ်းများနှင့် လျှောက်လမ်းကြောင်းများသည် ခန့်မှန်းထားသော လာရောက်မည့်လူ အရေအတွက်နှင့် ကိုက်ညီအဆင်ပြေ လုံလောက်ခြင်း ရှိ၊ မရှိ
- ရည်မှန်းထားသည့် နယ်မြေအနီးတစ်ဝိုက်တွင် ဆောက်လုပ်ရေးလုပ်ငန်း (သို့) လမ်းပြုပြင်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှု ရှိ၊ မရှိ

**ကျင်းပမည့်နေရာ၏ ကိုက်ညီသင့်လျော်မှု -** လူများပြည့်ကြပ်ခြင်းကို ရှောင်ကြဉ်ရန်နှင့် ပွဲလာသူများမှ လုံခြုံစွာ ဝင်ရောက်၊ ထွက်ခွာခြင်းတို့ကို လုပ်ဆောင်နိုင်ရန်အလို့ငှာ အစားအသောက်ဆိုင်တန်းများစသည့် ပွဲ၏အင်္ဂါရပ်များမှ နေရာယူထားသည့်ဧရိယာကိုလည်း ထည့်သွင်းစဉ်းစားပြီး ပွဲကျင်းပရာနေရာ၏ အများဆုံးဆံ့နိုင်သော ပမာဏကို သတ်မှတ်ထားပါ။ အရေးပေါ်အခြေအနေတွင် လူအများ လုံခြုံစိတ်ချစွာ ထွက်ခွာနိုင်မှုကိုလည်း ကျင်းပမည့်နေရာ အတွက် စဉ်းစားရာတွင် ထည့်သွင်းရမည်။ အောက်ပါအချက်လေးချက်ကို အသုံးပြု၍ ကျင်းပမည့်နေရာတစ်ခု၏ အများဆုံးဆံ့သော ပမာဏကို တွက်ချက်သင့်သည်။

- ကျင်းပမည့်နေရာသို့ လာရောက်ရန် ကြာချိန်
- ကျင်းပမည့်နေရာမှ ထွက်ခွာရန် ကြာချိန်
- အရေးပေါ်အခြေအနေတွင် ထွက်ခွာရန် ကြာချိန်
- ကျင်းပမည့်နေရာ၏ ဆံ့သောပမာဏ

ထိုအချက် တစ်ချက်ချင်းပေါ်မူတည်၍ ကျင်းပမည့်နေရာ၏ လူအများဆံ့နိုင်သော ပမာဏ ကွာခြားသွားသည်။ ထို အချက်လေးချက်လုံး ပမာဏနည်းလေ၊ ပိုမိုလုံခြုံစိတ်ချရလေ ဖြစ်သည်။

**ခန့်မှန်းသည်ထက် ပိုမိုလာရောက်မှုများ -** ရည်မှန်းထားသည်ထက် ပွဲလမ်းသဘင်သို့ လူများလာနိုင်ခြေနှင့် မည်သည့်ပမာဏအဆင့်မျိုးတွင် ပရိသတ်လူထုကို စီမံခန့်ခွဲမှု မပြုနိုင်တော့သည့် ဖြစ်နိုင်ခြေများကိုပါ ကြိုတင် လေ့လာရန် အရေးကြီးသည်။

## ၃.၁.၂။ ပွဲလမ်းသဘင်ကို စီစဉ်ခြင်း

ပွဲလမ်းသဘင် ကျင်းပရန် ဆုံးဖြတ်ချက်ချပြီးလျှင် ပုံမှန်အစည်းအဝေးများ ပြုလုပ်ရန် ပွဲစီစဉ်သူမှ ပြင်ဆင်ထားရမည်။ ဤတွင် အဓိက စိတ်ဝင်စားသူများကို ပါဝင်စေပြီး ၎င်းတို့အားလုံး၏ အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းလင်း ပြတ်သားစွာ သတ်မှတ်ထားသင့်သည်။ ထိုသို့သော ပုံမှန်အစည်းအဝေးများချမှတ်သည့် ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ် သိရှိနိုင်ရန်နှင့် ဆက်စပ်နိုင်ရန်သော်လည်းကောင်း၊ ပွဲလမ်းသဘင် ကျင်းပပြီးစီးသောအခါ ပွဲလမ်း သဘင် လုံခြုံရေးအစီအစဉ်သည် မည်မျှထိရောက်မှုရှိခဲ့သည်ကို ပြန်လည်ဆန်းစစ်ရန်အတွက်သော်လည်းကောင်း အစည်းအဝေးမှတ်တမ်းမှတ်ရာများ ထားရှိသင့်သည်။

တခါတရံတွင် ကျင်းပမည့် ပွဲလမ်းသဘင်၏ သဘာဝ၊ အရွယ်အစားနှင့် ကျင်းပမည့်နေ့တို့ကို လတော်တော်ကြာကြာ (သို့) နှစ်များမတိုင်မီပင် ကြိုတင်သိရှိရသည်။ ဤတွင် ရရှိသည့်အချိန်ကို အသုံးပြု၍ တွဲဖက်အေဂျင်စီများနှင့် သက်ဆိုင်ရာ ရပ်ရွာအဖွဲ့အစည်းများကဲ့သို့ အခြားအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရန် ဟူသော အချက်ကိုလည်း ပွဲစီစဉ်သူများနှင့် ရဲတပ်ဖွဲ့အရာရှိများမှ ပွဲလမ်းသဘင်မတိုင်မီ မဟာဗျူဟာတွင် ထည့်သွင်းသင့်သည်။ စီစဉ်ဆုံးဖြတ်ခြင်းတွင် လာမည့်အပိုင်းများတွင် ဖော်ပြထားသည့် အဆင့်များလည်း ပါဝင် သည်။ ဤလုပ်ငန်းစဉ်မှ ပွဲလမ်းသဘင်အခမ်းအနားတစ်ရပ် လုံခြုံချောမွေ့စွာကျင်းပနိုင်စေရန် စီမံခန့်ခွဲခြင်းတွင် ပါဝင်ပတ်သက်သူများအားလုံးမှ အသုံးပြုနိုင်သည့် အစီအစဉ်တစ်ခု အပြီးသတ်ရေးဆွဲနိုင်ရမည်။ ထိုသို့သော ပွဲလမ်းသဘင် လုံခြုံရေးအစီအစဉ်တွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်သင့်သည်။

၁။ အရေးပေါ်လမ်းကြောင်းများနှင့် အခြားသော ခေတ္တနေရာချထားသည့် ပစ္စည်းများအပါအဝင် ပွဲကျင်းပမည့် နေရာ၏ စကေးကျမြေပုံများ ( ကျင်းပမည့်နေရာ လုံခြုံရေးအစီအစဉ်များ)

၂။ ပွဲသို့ တက်ရောက်မည့်သူများ၏ အကြောင်းကို သိရှိခြင်း။ ပွဲလမ်းသဘင်အတွင်း သင့်တော်သော ကြိုတင် ကာကွယ်မှုများ နေရာချထားရန်နှင့် ကြုံတွေ့နိုင်သည့် အန္တရာယ်များအတွက် အစီအစဉ်ချမှတ်ရာတွင် လိုအပ်သည်။

၃။ မည်သူမှ မည်သူကို အစီရင်ခံရမည်ကိုလည်းကောင်း၊ ပွဲလမ်းသဘင်အတွင်း အဓိကအခန်းကဏ္ဍမှ ပါဝင်သူ များ၏ တာဝန်များကို လည်းကောင်း၊ အကျဉ်းချုံးဖော်ပြထားသည့် အဖွဲ့အစည်းပုံစံကားချပ်

၄။ လုံခြုံရေးနှင့် လူစုလူဝေးစီမံခန့်ခွဲမှုတွင် ပါဝင်သော ဝန်ထမ်းများ၊ ဤတွင် အခပေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း အရေအတွက်၊ ဝန်ထမ်းများကို ခွဲခြားနည်း (ဥပမာ - အပေါ်မှစွပ်ဝတ်ရသည့် အဝါရောင်အင်္ကျီများ၊ ဝန်ထမ်းတာဝန်များ၊ ပေးထားသောသင်တန်းများ၊ ပွဲလမ်းသဘင်အကြိုကိစ္စရပ်များ၏ သဘောသဘာဝနှင့် အကျဉ်းချုံးတွေ့ဆုံရှင်းလင်းခြင်းများ၊ သင်တန်းချိန်များ)

၅။ ပွဲလမ်းသဘင်ရှိ ပွဲလာသူများကို စောင့်ကြည့်ရန်နှင့် စီမံခန့်ခွဲရန် နည်းလမ်းများ

၆။ ပွဲလမ်းသဘင်၌ ပြောဆိုဆက်သွယ်မှုစနစ်များ (ဥပမာ - အများပြည်သူအား အသိပေးအကြောင်းကြားသည့် ပီအေစနစ်များ၊ ရေဒီယိုများ၊ အော်လံများ၊ မိုဘိုင်းဖုန်းနံပါတ်များ စသည်တို့ကိုလည်းကောင်း၊ အမှတ်အသား သင်္ကေတများနှင့် အများပြည်သူဆိုင်ရာ သတင်းအချက်အလက်စနစ်များ (ဥပမာ - လူမှုမီဒီယာ) တို့ဖြင့် ရှေးဦးသူနာပြုစုပေးသည့် နေရာများ၊ လမ်းပျောက်သွားသော ကလေးကို ခေါ်ယူထိန်းသိမ်းပေးသည့်နေရာများ စသည့် မီဒီယာနှင့် ဆက်စပ်သည့် ဆက်သွယ်ရန်အချက်အလက်များ အပါအဝင်၊ ပွဲကျင်းပသည့် နေရာတစိုက်တွင် လူထုပရိသတ် အများသွားလာမှု လွယ်ကူစေရန် အထောက်အကူပေးသည့် စနစ်များ

၇။ ပွဲလမ်းသဘင်အတွက် ရှေးဦးသူနာပြုနှင့် အရေးပေါ်ကုသမှုများပေးသည့် နေရာများ - ရှေးဦးသူနာပြု ကုသမှုပေးသည့် နေရာတစ်ခုစီ၏ တည်နေရာ (ရှေးဦးသူနာပြုနှင့် အရေးပေါ်ကုသမှုများပေးသည့် နေရာများကို ပွဲကျင်းပသည့်နေရာ လုံခြုံရေးဆိုင်ရာ စကေးမြေပုံတွင် ဖော်ပြထားရမည်)

၈။ မီးဘေးအန္တရာယ်ကို တွက်ချက်ခန့်မှန်းခြင်း
မီးဘေးအန္တရာယ်ကို တွက်ချက်ခန့်မှန်းခြင်းတွင် မီးသတ်ဆေးဗူးများ၏ အမျိုးအစား၊ နံပါတ်နှင့် တည်နေရာများ အပြင် ပွဲအတွင်းအသုံးပြုမည့် မီးရှူးမီးပန်းနှင့် အထူးပြုလုပ်ချက်အမျိုးအစားများကို စာရင်းပြုစုထားရမည်။

၉။ ရဲတပ်ဖွဲ့ ဖဟိုထိန်းချုပ်ရေးဌာနအသေးစိတ်များ အပါအဝင် ပွဲလမ်းသဘင်အတွင်း ရဲတပ်ဖွဲ့များ ပါဝင်လုပ်ဆောင်ရမှုများ

၁၀။ ယာဉ်ကြောသွားလာမှု စီမံခန့်ခွဲရေး အစီအစဉ်

၁၁။ ပွဲလမ်းသဘင်အတွင်း ပါဝင်သည့်အရာများ တစ်ခုစီ၏ အန္တရာယ်ကို လျှော့ချနိုင်ရန် စီစဉ် ဆုံးဖြတ်ထားသော ကြိုတင်ကာကွယ်မှုများနှင့် အန္တရာယ်တွက်ချက် ခန့်မှန်းမှုများ

၁၂။ အရေးပေါ်အခြေအနေဖြစ်လျှင် ပွဲလမ်းသဘင်တစ်ခုလုံး (သို့) တစ်စိတ်တစ်ပိုင်း ထိန်းချုပ်မှုကို အရေးပေါ်ဝန်ဆောင်မှုများပေးသည့် အဖွဲ့ဌာန (ပုံမှန်အားဖြင့် ရဲတပ်ဖွဲ့) သို့ လွှဲပြောင်းရန် အစီအမံများနှင့် လုပ်ငန်းစဉ်များ

၁၃။ အရေးပေါ်ယာဉ်များအတွက်သာ ရည်ရွယ်သတ်မှတ်ထားသော လမ်းကြောင်းများ၊ ဆုံရပ်များနှင့် အများသုံးလမ်းကြောင်းများ

၁၄။ တက်ရောက်သူများနှင့် လုံခြုံရေးဝန်ထမ်းများအတွက် အရေးပေါ်အခြေအနေတွင် ထွက်ခွာရန် အစီအစဉ်များ။ (ပွဲကျင်းပသည့်နေရာ လုံခြုံရေး အစီအစဉ်ဆုံးဖြတ်ချက်တွင် ပါဝင်ပြီး)

၁၅။ အရေးပေါ်အခြေအနေတွင် ထွက်ခွာရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝန်ထမ်းများကိုပေးသော သင်တန်းအတွက် အသေးစိတ်အချက်များ

၁၆။ မိဘ (သို့) စောင့်ရှောက်သူများနှင့် လာရောက်သော အခြားအားနည်းချက်ရှိသောသူများနှင့် ကလေးသူငယ်များ လမ်းပျောက်သောအခါ စောင့်ရှောက်မှုပေးရန်နှင့် သက်ဆိုင်သူများနှင့် ပြန်လည်ဆုံတွေ့နိုင်စေရန် အစီအစဉ်များ

၁၇။ ပွဲလမ်းသဘင်ကျင်းပစဉ်နှင့် ကျင်းပပြီးချိန်တွင် ပြန်လည်ဆန်းစစ်မှုပြုလုပ်ရန်အတွက် မေးခွန်းများမေးရန် စီစဉ်ထားခြင်း

ပွဲလမ်းသဘင် လုံခြုံရေးအစီအစဉ်တစ်ခုတွင် ပါဝင်သည့် အကြောင်းအရာများသည် ကျင်းပမည့် ပွဲလမ်းသဘင်၏ ပမာဏနှင့် အမျိုးအစားပေါ်တွင် မူတည်သည်။ ပွဲလမ်းသဘင်လုံခြုံရေး စီစဉ်ဆုံးဖြတ်ရန်အတွက် အကောင်းဆုံး လမ်းညွှန်တစ်ခုမှာ အိန္ဒိယအစိုးရ၏ နိုင်ငံလုံးဆိုင်ရာ ဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ ရေးသားသည့် လူထုအများအပြား စုစည်းလာရောက်သည့် နေရာများနှင့် ပွဲလမ်းသဘင်များတွင် လူစုလူဝေးများကို စီမံခန့်ခွဲခြင်း - အစိုးရ၊ ဒေသတွင်းအာဏာပိုင်များနှင့် ပွဲစီစဉ်သူများအတွက် လမ်းညွှန် *Managing Crowd at Events and ven-*

*ues of Mass Gathering, A Guide for State Government, Local Authorities and Organisers* (2014).[9] ဟူသော စာတမ်းဖြစ်သည်။ ဆီရတယ်လ်မြို့၊ အစိုးရအဖွဲ့သည် ၎င်းတို့၏ ပွဲလမ်းသဘင် လုံခြုံရေး အစီအစဉ်များ အတွက် စာရွက်စာတမ်းတစ်ခုကို ကြိုတင်စီမံ ရေးသားထားလေ့ရှိပြီး၊ ၎င်းတွင် ထိုအစီအစဉ်များကို မည်သို့ တင်ပြရမည်ကို တွေ့ရှိ နိုင်သည်။[10]

## ၃.၂။ အန္တရာယ်ဖြစ်နိုင်ခြေများ တွက်ချက်ခန့်မှန်းခြင်း

ပွဲလမ်းသဘင်များတွင် လူစုလူဝေးကို လုံခြုံရေးစီမံခန့်ခွဲရန် စီစဉ်ဆုံးဖြတ်ရာတွင် အဓိကကျသော အပိုင်းတစ်ခုမှာ အန္တရာယ်ဖြစ်နိုင်ခြေများ တွက်ချက်ခန့်မှန်းခြင်းဖြစ်သည်။ ဤစကားရပ်၏ အဓိပ္ပာယ်မှာ လာရောက်သော လူများ (သို့) ၎င်းတို့ကို လုံခြုံအောင် စောင့်ရှောက်မှုပေးရန် တာဝန်ရှိသူများကို ထိခိုက်စေနိုင်မည့် အန္တရာယ်များကို သိရှိရန် ရည်ရွယ်သတ်မှတ်ထားသည့်အရာများကို စေ့စပ်သေချာစွာ ကြည့်ရှုခြင်းဖြစ်သည်။ အန္တရာယ်ဖြစ်နိုင်ခြေ ဟူသည်မှာ ဘေးအန္တရာယ်တစ်ခုကြောင့် တစ်ဦးတစ်ယောက် ထိခိုက်နိုင်ရန် အလားအလာ အနည်းငယ် (သို့) အများအပြား ရှိခြင်းဖြစ်သည်။ ၎င်းသည် ဘေးအန္တရာယ်တစ်ခုကြောင့် မည်ကဲ့သို့ ထိခိုက်နိုင်မည်နည်းနှင့် ၎င်းထိခိုက်မှုသည် မည်မျှပြင်းထန်မည်နည်း ဟူသော အချက်နှစ်ခုကို ပေါင်းစပ်ထားခြင်းဖြစ်သည်။

အန္တရာယ်ဖြစ်နိုင်ခြေကို တွက်ချက်ခန့်မှန်းရာတွင် ပွဲလမ်းသဘင်သို့ သွားရောက်ရန်နှင့် ထွက်ခွာရန် သယ်ယူပို့ဆောင်ရေး အပါအဝင် ပွဲလမ်းသဘင်၏ ရှုထောင့်အလုံးစုံကို စစ်ဆေးဆန်းစစ်ရမည်ဖြစ်သည်။ ဤတွင် ဖြစ်နိုင်ရန် ခက်ခဲသော်လည်း ဖြစ်နိုင်ခြေရှိသော ဖြစ်ရပ်များ (ဥပမာ - ဗုံးပေါက်ကွဲစေမည်ဟု ခြိမ်းခြောက်ခြင်း (သို့) မီးလောင်ခြင်း) ကဲ့သို့ ဖြစ်စဉ်များကိုလည်း ခွဲခြားဖော်ထုတ်ရမည်ဖြစ်သည်။ ပွဲလာရောက်သူ လူစုလူဝေး သိပ်သည်းများပြားပြီး ထိုသို့များပြားကြောင့် အချင်းချင်းတွန်းတိုက်မိခြင်းများ ဖြစ်စေနိုင်သော နေရာများ (ဥပမာ - ပွဲကျင်းပရာနေရာသို့ ဝင်ပေါက်တွင် တန်းစီရသောနေရာများ) အားလုံးကို သေသေချာချာစိစစ်ရန် အရေးကြီးသည်။

အန္တရာယ်ဖြစ်နိုင်ခြေများ တွက်ချက်ခန့်မှန်းရာတွင် အောက်ပါအဆင့် (၅)ဆင့်ဖြင့် ချဉ်းကပ်နိုင်သည်။

### အဆင့် ၁။ ဘေးအန္တရာယ်များကို ရှာဖွေခြင်း

ဤတွင် ပွဲလမ်းသဘင်၏ ရှုထောင့်အလုံးစုံကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ပွဲလမ်းသဘင်ကို စီမံခန့်ခွဲရာတွင် ပါဝင်သောသူများအားလုံးကိုလည်း မည်သည့်ဘေးအန္တရာယ်ဖြစ်လာနိုင်ကြောင်း ဆွေးနွေးတိုင်ပင်သင့်သည်။ ယခင်က ကျင်းပခဲ့သော အလားတူ ပွဲလမ်းသဘင်များအပေါ် ပြန်လည်ဆန်းစစ်ချက်များမှ သတင်းအချက်အလက်များကို ကိုးကားလျှင်လည်း အသုံးဝင်နိုင်သည်။ ပွဲလမ်းသဘင်တွင် ထိုပွဲ၏ အင်္ဂါရပ်အသစ် ထပ်ဖြည့်ခြင်းမှ ဖြစ်ပေါ်လာသော ချက်ချင်း သိသာထင်ရှားခြင်းမရှိသည့် ဘေးအန္တရာယ်များ (ဥပမာ - စားသောက်ဆိုင်တန်းများကို နောက်ကျမှ ထပ်မံဖြည့်သွင်းခြင်း) တို့ကိုလည်း ခွဲခြားဖော်ထုတ်ရမည်ဖြစ်သည်။

အောက်ပါ အပိုဒ်များတွင် လူစုလူဝေးနှင့် ကျင်းပသည့်နေရာတို့မှ ဖြစ်ပေါ်စေမည့် ဘေးအန္တရာယ် သာဓကများကို ဖော်ပြထားသည်။
လူထုပရိသတ်မှ ဖြစ်ပေါ်စေမည့်ဘေးအန္တရာယ်များ

- လူအချင်းချင်းတွန်းတိုက်မိခြင်း၊ တည်ဆောက်ထားသည့် အဆောက်အအုံများဖြင့် တိုက်မိခြင်း
- လူပိ၍ နင်းခံရခြင်း
- တရှိန်ထိုးသွားခြင်း၊ ယိမ်းထိုးခြင်း (သို့) ကရောသောပါးပြေးခြင်းနှင့်

[9] http://ndma.gov.in/images/pdf/managingcrowdsguide.pdf.
[10] https://www.seattle.gov/Documents/Departments/SpecialEvents/ADDENDUMS/ADD_F_SafetyPlan.pdf.

- တပ်ဆင်ထားသည့် ပစ္စည်းကိရိယာများအပေါ် တွယ်တက်ခြင်း (သို့) ပစ္စည်းများဖြင့် ပစ်ပေါက်ခြင်း တို့ ကဲ့သို့သော အန္တရာယ်ရှိသည့် အပြုအမူများ

ကျင်းပသည့်နေရာမှ ဖြစ်ပေါ်စေမည့် ဘေးအန္တရာယ်များ

- အလင်းပေးမှု မလုံလောက်ခြင်းကြောင့် ချော်လဲခြင်း (သို့) ခလုတ်တိုက်ခြင်း
- လက်ရန်း၊ အကာများ စသည်တို့ လူအများကြားထဲသို့ လဲကျခြင်း
- အိမ်သာကဲ့သို့သောနေရာများသို့ သွားရောက်ရာတွင် လားရာများဆန့်ကျင့်၍ တိုးဝှေ့သွားရခြင်း
- ဟင်းချက်ပစ္စည်းများကဲ့သို့ မီးလောင်နိုင်သည့်ပစ္စည်းများ

ထို့ပြင် မီးအားပြတ်တောက်ခြင်း (သို့) လူအများဘေးကင်းရာသို့ ရွှေ့ပြောင်းရန်လိုအပ်သည့် မီးလောင်မှု စသည့် အရေးပေါ်အခြေအနေများကဲ့သို့သော အစီအစဉ် ကမောက်ကမဖြစ်ခြင်းများမှ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များ ကိုလည်း ခွဲခြားဖော်ထုတ်ရန် အလွန်အရေးကြီးသည်။

## အဆင့် ၂။ မည်သူမှ မည်သို့ ထိခိုက်မည်ကို သိရှိခြင်း

ဤအဆင့်သည် ဘေးအန္တရာယ်တစ်ခုစီ၏ အကြောင်းရင်းပေးနိုင်မည့် အန္တရာယ်နှင့် ၎င်းကြောင့် ထိခိုက်မည့်သူများ ကို သိရှိနားလည်နိုင်ရန် ရည်ရွယ်သည်။

## အဆင့် ၃။ အန္တရာယ်ဖြစ်နိုင်ခြေများကို ခန့်မှန်းတွက်ချက်ခြင်း

ဤအဆင့်သည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် ပြင်းထန်မှုအဆင့်များကို တွက်ချက်ခန့်မှန်းသည်။

ထိုသို့ အန္တရာယ်ဖြစ်နိုင်ခြေတစ်ခုစီကို လုံးဝအမြစ်ပြတ်ဖယ်ရှားရန် ဖြစ်နိုင်ခြေ ရှိ၊ မရှိကို စဉ်းစားရမည်။ ထိုသို့ ဖယ်ရှားခြင်းကို ဘေးအန္တရာယ်ကို ဖယ်ရှားခြင်း (သို့) ၎င်း၏ အကြောင်းရင်းကို ကိုယ်တွယ်ဖြေရှင်းခြင်းဖြင့် ပြုလုပ် နိုင်သည်။ ဥပမာအားဖြင့် ပွဲလမ်းသဘင်ကျင်းပခြင်း မပြုမီတွင် ကျင်းပမည့်နေရာမှ ယာဉ်များအားလုံးကို ရှင်းလင်း ထားခြင်းဖြင့် ပွဲလမ်းသဘင်အတွင်း လူအများသည် ယာဉ်နှင့် တိုက်မိနိုင်ခြေကို ဖယ်ရှားပြီးဖြစ်သွားမည်ဖြစ်သည်။

အန္တရာယ်ဖြစ်နိုင်ခြေတစ်ရပ်ကို အပြီးတိုင်ဖယ်ရှားရန် မဖြစ်နိုင်လျှင် ဖြစ်နိုင်ခြေလျော့နည်းစေရန် သို့/ နှင့်အတူ ထိုအန္တရာယ်၏ ပြင်းထန်မှုကို လျှော့ချနိုင်ရန် စသည့် အန္တရာယ်ဖြစ်နိုင်ခြေများကို ထိန်းချုပ်နိုင်ရန် စဉ်းစားသင့်ပေး သည်။ ထိုသို့ အန္တရာယ်ဖြစ်နိုင်ခြေများကို ထိန်းချုပ်ရန်အတွက် ကြိုတင်ကာကွယ်မှုများနှင့် စပ်လျဉ်း၍ ဤစာတမ်း၏ ကဏ္ဍတစ်ခုတွင် ဖော်ပြထားသည်။

## အဆင့် ၄။ ရှာဖွေတွေ့ရှိချက်များကို မှတ်တမ်းတင်ခြင်း

ဘေးအန္တရာယ်များနှင့် ၎င်းတို့ကြောင့် အန္တရာယ်ဖြစ်နိုင်ခြေရှိသောသူများ အကြောင်းအသေးစိတ်ကို မှတ်တမ်းတင် ထားရန် အရေးကြီးသည်။ မှတ်တမ်းများတွင် အန္တရာယ်ဖြစ်နိုင်ခြေအဆင့်ကို တွက်ချက်ခန့်မှန်းချက် ပါဝင်ရမည်။ ဆိုလိုသည်မှာ ၎င်းဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် ပြင်းထန်မှုအပေါ် မူတည်၍ နည်း၊ အလယ်အလတ်၊ မြင့် စသည့် အဆင့်များ သတ်မှတ်ပြီး လူအများထိခိုက်နိုင်ခြေကို လျှော့ချရန်ပြုလုပ်မည့် ကြိုတင်ကာကွယ်မှုများလည်း ပါဝင်ရ မည်။

**အဆင့် ၅။ အန္တရာယ်ဖြစ်နိုင်ခြေ တွက်ချက်ခန့်မှန်းမှုကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်လျှင် ပြုပြင်ခြင်း**

ပွဲလမ်းသဘင်တစ်ခု ကျင်းပစဉ်အတွင်းတွင် စီမံခန့်ခွဲမှုအပိုင်းတွင် ပါဝင်သည့် ပွဲစီစဉ်သူနှင့် အခြားသူများမှ အန္တရာယ်ဖြစ်နိုင်ခြေ တွက်ချက်ခန့်မှန်းမှုများနှင့် ၎င်းအန္တရာယ်များ လျှော့ချရေးလုပ်ဆောင်ချက်များ မည်မျှ ထိရောက်မှုရှိကြောင်း ပြန်လည်ဆန်းစစ်ခြင်းသည် အလေ့အကျင့်ကောင်းတစ်ခုပင်ဖြစ်သည်။

## ၃.၃။ ကြိုတင်ကာကွယ်မှုများ နေရာချထားခြင်း

ပွဲလမ်းသဘင်နှင့်ပတ်သက်၍ အန္တရာယ်ဖြစ်နိုင်ခြေ တွက်ချက်ခန့်မှန်းမှုများ ပြုလုပ်ပြီးနောက်တွင် လူများ ထိခိုက်နိုင်ခြေ လျှော့ချရန် ကြိုတင်ကာကွယ်မှုများကို နေရာချထားရန် လိုအပ်သည်။ ကြိုတင်ကာကွယ်မှုများတွင် ကျယ်ပြန့်သော အပိုင်းနှစ်ခုရှိသည်။ ကျင်းပမည့်နေရာနှင့် ဆက်စပ်သည်များနှင့် ပွဲလာသူလူစုနှင့် ဆက်စပ်သည်များတို့ဖြစ်သည်။ အောက်ဖော်ပြပါစာရင်းတွင် ထည့်သွင်းစဉ်းစားသင့်သော ကြိုတင်ကာကွယ်မှု ဥပမာများကို ဖော်ပြထားသည်။

## ၃.၃.၁။ ကျင်းပမည့်နေရာရှိ ကြိုတင်ကာကွယ်မှုများ

**ကျင်းမည့်နေရာသို့ လာရောက်ရန်နှင့် ထွက်ခွာရန် သယ်ယူပို့ဆောင်ရေး**

- လူပြည့်ကြပ်မှုမဖြစ်ရန် လာရောက်ချိန်နှင့် ထွက်ခွာချိန်များကို အချိန်အပိုင်းအခြားအလိုက် သတ်မှတ်ရန်
- ခန့်မှန်းထားသော လူအရေအတွက်ကို နိုင်နိုင်နင်းနင်းဖြေရှင်းနိုင်သည့် သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သော အင်္ဂါရပ်များ (ဥပမာ - ဘတ်စ်ကားမှတ်တိုင်များ၊ ရထားဘူတာများ၊ ကားရပ်နားကွင်းများ) ရှိခြင်း။ ပွဲလာရောက်သူများ သယ်ယူပို့ဆောင်ရေးယာဉ်များထံသို့ သွားရန် အချိန်များများ ရရှိနိုင်စေရန် အချိန်ကိုက်၍ ပွဲကို ပြီးဆုံးစေရန်
- လူအများကို အများဆုံး သယ်ယူပို့ဆောင်ရေးယာဉ်များ အသုံးပြုရန် အားပေးခြင်းများ ပြုလုပ်ရန်
- ပွဲကျင်းပမည့်နေရာသို့ လူများကို ခေါ်ဆောင်ခြင်း (သို့) ၎င်းနေရာမှ ထွက်ခွာခြင်းအတွက် ခေါက်ပြန်သွား ဘတ်စ်ကားများ အသုံးပြုရန်

**ယာဉ်ရပ်နားခြင်း**

- ကျင်းပမည့်နေရာသို့ မရောက်လာမီမှာပင် ယာဉ်မောင်းသူများမှ ယာဉ်ရပ်နားကွင်း အခြေအနေ၊ သတင်း အချက်အလက်များ ရှင်းရှင်းလင်းလင်းမြင်သာစေရန် ကျင်းပမည့်နေရာမှ အနည်းငယ်ကွာဝေးသည့် နေရာများမှစ၍ ယာဉ်ရပ်နားကွင်းစီမံမှုများကို ထင်ရှားသော အမှတ်အသား သင်္ကေတများဖြင့် ဖော်ပြရန်
- ဝင်ပေါက်များ၊ ထွက်ပေါက်များနှင့် အလွန်နီးသော နေရာများတွင် ယာဉ်ရပ်နားနေရာများ၊ ခရီးဝေးသွား ဘတ်စ်ကား (Coach) လူတင်၊ လူချနေရာများအဖြစ် သတ်မှတ်ခြင်းမှ ရှောင်ကြဉ်ရန်
- လမ်းသွား၊ လမ်းလာများ ဖြတ်သန်းသွားလာရန်နေရာများနှင့် အရေးပေါ် လမ်းကြောင်းများတွင် ယာဉ် ရပ်နားခြင်းမှ ကာကွယ်ရန် ယာဉ်ရပ်နားရာနေရာများကို သီးသန့်ဝန်းရံထားရှိရန်

**ကျင်းပမည့်နေရာသို့ လာရောက်ရန်နှင့် ထွက်ခွာရန် လမ်းကြောင်းများ**

- ခြေကျင်လျှောက်သူ၊ လမ်းသွားလမ်းလာများအတွက် လျှောက်လမ်းကို ယာဉ်သွားရာလမ်းများမှ ခွဲခြား ထားရှိရန်
- အရေးပေါ် ယာဉ်များအတွက် လမ်းကြောင်းများ ရှင်းလင်းထားရှိပြီး အရေးပေါ် ဝန်ဆောင်မှုပေးသည့်အဖွဲ့ များမှ ထိုလမ်းကြောင်းများကို သိရှိစေရန် ဆောင်ရွက်ပေးရန်

- လမ်းကြောင်းများကို အလင်းရောင်လုံလောက်စွာ ပေးထားပြီး ခလုတ်တိုက်ခြင်း၊ ချော်လဲခြင်းများ မဖြစ်စေရန် အကာအရံများ (သို့) လက်ရန်းများကို ပြုလုပ်ပေးရန်
- ဖြစ်နိုင်လျှင် လူအများမှ တစ်လမ်းသွားလမ်းများ၊ ပိတ်ဆို့မှုများဖြစ်နေသော လမ်းကြောင်းများနှင့် အကျဉ်းအကျယ်ပြောင်းလဲ၍ မရသောလမ်းကြောင်းများ၊ ဘီးတပ်ကုလားထိုင် အသုံးပြုသူများအတွက် လမ်းကြောင်းများကို အသုံးပြု၍ ဖြတ်လမ်းမှသွားခြင်းကို မပြုလုပ်စေရန် တားမြစ်ရန်
- လူအများမှ ရှုပ်ထွေးသောနေရာများသို့ သွားလာခြင်းမပြုစေရန် စောစီးစွာရောက်နေသူများအတွက် အိမ်သာနှင့် အစားအစာအရောင်းဆိုင်များကို ပွဲကျင်းပမည့်နေရာ၏ အပြင်ဘက်တွင် ထားရှိစေရန်

## ဝင်ပေါက်၊ ထွက်ပေါက်များ

- ဝင်ပေါက်၊ ထွက်ပေါက်များတွင် စနစ်တကျတန်းစီပြီး ရွေ့လျားသွားလာရန် ထိရောက်သော စီမံခန့်ခွဲမှုနှင့် အကာအရံများ ပြုလုပ်ခြင်း
- လူရေစီးကို ဆန့်မတက်ရဘဲ တန်းစီရာမှ ထွက်ခွာနိုင်ရန် လမ်းကြောင်းတစ်ခုထားရှိပေးရန်
- လက်မှတ်အရောင်းဌာနများ၊ ယာယီအဆောက်အအုံများ၊ ဆွဲဆောင်မှုများ၊ အဆောက်အဦးများ၊ အဓိက သတင်းအချက်အလက် ရရှိရာနေရာများကို ဝင်ပေါက်၊ ထွက်ပေါက်များအနီးတွင် ထားရှိခြင်းမှ ရှောင်ကြဉ်ရန်
- မသန်မစွမ်းသူများအတွက် သင်္ကေတ အမှတ်အသားဖြင့် ဖော်ပြထားသည့် ဝင်ပေါက်၊ ထွက်ပေါက်များ ပြုလုပ်ထားခြင်း
- ယာဉ်လမ်းကြောင်းနှင့် လူတန်းစီသည့်လိုင်းကို သီးသန့်ခွဲခြားခြင်း မပြုနိုင်လျှင် လူများကို ကားလမ်းပေါ်တွင် တန်းစီစေခြင်းမှ ရှောင်ကြဉ်ရန်
- ဖြစ်နိုင်လျှင် အရေးပေါ်လမ်းကြောင်း (သို့) အခြားသူများမှ အသုံးပြုနေသည့် လှေကားများတွင် လူများကို တန်းစီစေခြင်းမှ ရှောင်ခြင်း
- တားမြစ်ထားသော ပစ္စည်းများကို ကျင်းပမည့်နေရာသို့ မယူသွားစေနိုင်ရန် ဝင်ပေါက်များတွင် အရေးယူ လုပ်ဆောင်ခြင်း

## ကျင်းပမည့် နေရာအတွင်း

- ကျင်းပမည့်နေရာအတွင်းသို့ လူများ အစီအစဉ်တကျမဟုတ်ဘဲ ဝင်လာခြင်းမဖြစ်စေရန်၊ ဝင်ပေါက် လမ်းကြောင်းများမှ ကြည့်ရှုရန် နေရာကောင်းများဆီသို့ တိုက်ရိုက်ရောက်ရှိနိုင်စေရန် စီမံထားခြင်း
- ပွဲလမ်းသဘင်၏ စိတ်လှုပ်ရှားဖွယ်ရာ အခြေအနေတစ်ရပ်ကြောင့် ဖြစ်ပေါ်နိုင်သည့် ပွဲလာသူ ပရိတ်သတ်များမှ တရှိန်ထိုးတွန်းတိုက်သွားလာခြင်းကြောင့် တိုက်မိ၊ ဖိမိခြင်းကို ကာကွယ်ရန်၊ အကာအရံများ ကဲ့သို့သော အစီအမံဆောင်ရွက်ချက်များ ပြုလုပ်ထားရှိရန်
- အချို့နေရာများတွင် လူမဝင်စေရန် ရှင်းလင်းထားရန်လိုအပ်ပါက အကာအရံများအသုံးပြုရန်

## ကြည့်ရှုသည့် နေရာများ

- ပိုမိုမြင်နိုင်ရန် လူအများ တဟုန်ထိုးရွေ့တိုးခြင်းကြောင့် ဖိမိ၊ တိုက်မိခြင်း မဖြစ်စေရန် ဆွဲဆောင်မှုများကို နေရာစုံမှ လူအားလုံး ကောင်းစွာမြင်နိုင်အောင် ဒီဇိုင်းဆွဲထားခြင်း
- ဘီးတပ်ကုလားထိုင် အသုံးပြုသူများအတွက် သီးသန့်ကြည့်ရှုသည့် နေရာများပြုလုပ်ပေးခြင်း။ ထိုသို့ ပြုလုပ်ရာတွင်လည်း လူစုလူဝေးမှ ရွေ့လျားခြင်းများမှ ၎င်းတို့အား မထိခိုက်စေရန်နှင့် ထွက်ပေါက်များကို ပိတ်မိစေခြင်းများ မဖြစ်စေရန် ဆောင်ရွက်ရန်

## ၃.၃.၂။ လူထုစီမံခန့်ခွဲမှုအတွက် ကြိုတင်ကာကွယ်မှုများ

### ဝန်ထမ်းအရေအတွက်နှင့် စွမ်းဆောင်ရည်များ

- ထိရောက်သော လူထုပရိသတ် စီမံခန့်ခွဲမှုရရှိရန် လုံလောက်သော ဝန်ထမ်းအရေအတွက် ရှိရမည်။ ဝန်ထမ်းခန့်အပ်ခြင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံသည် ပွဲလမ်းသဘင်၏ သဘာဝနှင့် အရွယ်အစား အပေါ် မူတည်၍ ကွဲပြားသွားမည်ဖြစ်သည်။
- အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းလင်းခိုင်မာစွာ နားလည်စေခြင်း (၎င်းတို့ကို ပွဲလမ်းသဘင်လုံခြုံရေး အစီအစဉ်တွင် ထည့်သွင်းရေးသားရမည်။ အထက်တွင်ဖော်ပြပြီးခဲ့သည့် ၃.၁.၂ ကို ကြည့်ပါ။) ဤအချက် သည် ဥပမာ ရဲ၊ မီးသတ်တပ်ဖွဲ့၊ ဒေသခံအစိုးရစသည့် အေဂျင်စီတစ်ခုထက်ပို၍ ပါဝင်ပတ်သက်လျှင် ပို၍ အရေးကြီးသည်။
- ဝန်ထမ်းအားလုံးမှ သက်ဆိုင်ရာတာဝန်များကိုထိရောက်စွာထမ်းဆောင်နိုင်ရန် လေ့ကျင့်သင်တန်းပေးရန်။ အထူးသဖြင့်ကြီးကြပ်သူများကိုအရေးပေါ် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင် နိုင်ခြင်းကဲ့သို့သော အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းခြင်းကို သင်တန်းပေးရမည်။
- ပွဲလမ်းသဘင်ကျင်းပခြင်းမတိုင်မီတွင်ဝန်ထမ်းအားလုံးကိုအကျဉ်းချုပ်ထပ်မံရှင်းပြပြီးကျင်းပမည့်နေရာ၏ အဓိကအင်္ဂါရပ်များနှင့် ၎င်းတို့ကိုပေးအပ်ထားသည့် တာဝန်များကို ရေးသားဖော်ပြထားသည့် အစီအစဉ် တစ်ခုကို အဆိုပါ ဝန်ထမ်းများအား ပေးအပ်ရမည်။
- ဝန်ထမ်းများကို ၎င်းတို့၏ ဆိုင်ရာတာဝန်များအား ထင်ရှားစွာဖော်ပြသည့် သိသာထင်ရှားသော အဝတ်အစားနှင့် ခွဲခြားမှုများ ပြုလုပ်ထားခြင်း။ (ဥပမာ - အရောင် အမျိုးမျိုးရှိသော ရုပ်အင်္ကျီများ၊ ဂျာကင် များနှင့် အပေါ်ပိုင်းခေါင်းစွပ်အင်္ကျီများ။)

### ဝန်ထမ်းများကို နေရာချထားခြင်း

- ပွဲကျင်းပမည့်နေရာ၏ ဝန်ထမ်းလိုအပ်မည့်အပိုင်းများနှင့် သာမန်အခြေအနေနှင့် အရေးပေါ် အခြေအနေ နှစ်ခုလုံးတွင် လိုအပ်မည့် ဝန်ထမ်းအရေအတွက်များကို ဖော်ထုတ်သိရှိရန် ကြိုးပမ်းရမည်။ ဝင်ပေါက်၊ ထွက်ပေါက်တို့ကဲ့သို့ အဓိကကျသောနေရာများတွင် ဝန်ထမ်းများကို နေရာချထားပါ။
- ဝန်ထမ်းတာဝန်များတွင် အောက်ပါအချက်များဖြစ်ပါသည် -
    - ကျင်းပမည့်နေရာ၏ ဖွဲ့စည်းတည်ဆောက်ပုံကိုသိရှိပြီး အထူးလိုအပ်ချက်ရှိသည့် ပုဂ္ဂိုလ်များအတွက် အပါအဝင် လူအများအသုံးပြုနိုင်မည့် အင်္ဂါရပ် အဆောက်အအုံပစ္စည်းများ အကြောင်းအချက်အလက် များကို လူထုကို ပြောပြပေးခြင်းဖြင့် ကူညီနိုင်ခြင်း။
    - ဝင်ပေါက်၊ ထွက်ပေါက်နှင့် ရှေးဦးသူနာပြုစုမှုပေးသည့်နေရာများကို သိရှိခြင်း။
    - ကျင်းပမည့်နေရာအတွင်း လူပြည့်ကြပ်ခြင်း မဖြစ်စေရန်၊ အထူးသဖြင့် ကျင်းပမည့်နေရာသို့ ဝင်ရောက် ခြင်း (သို့) ထွက်ခွာခြင်းပြုရာတွင် လူထုပရိသတ်ကို စီမံခန့်ခွဲ၍ လမ်းညွှန်ပေးခြင်း။
    - ထိုင်ခုံများအကြားရှိလမ်းများနှင့် ထွက်ပေါက်များကို အချိန်ပြည့်ရှင်းလင်းထားကာ ထိုင်ခုံနှင့် ပရိဘောဂ ပစ္စည်းများပေါ် မတ်တပ်ရပ်ခြင်းမပြုရန် တားမြစ်ခြင်း။
    - မည်သည့်နှောင့်ယှက်မှု (သို့) ဖြစ်ရပ်များကိုမဆို ချက်ချင်းစုံစမ်းစစ်ဆေးပြီး ဆူပူရမ်းကားသည့် အမူအယာများကို ထိန်းချုပ်ခြင်း။
    - မီးလောင်နိုင်သော အမှိုက်များတစ်နေရာတည်းတွင် စုစည်းမိခြင်းမှကာကွယ်ခြင်း။
    - ကြီးကြပ်သူများနှင့် ဆက်သွယ်ပြောဆိုခြင်း။
    - အရေးပေါ်အခြေအနေတွင် အသုံးပြုသော သင်္ကေတဖြင့်ပြောသော သတင်းစကားများနှင့် တာဝန်များ အပါအဝင် ကျင်းပသည့်နေရာမှ လူများရွှေ့ပြောင်းထွက်ခွာရန်အတွက် ပြုလုပ်ထားသော အစီအမံများ ကို သိရှိနားလည်ခြင်း။

- လူအလွန်အကျွံပြည့်ကြပ်နိုင်ခြေရှိသည့် အဓိကနေရာများတွင် လူထုပရိသတ်ကို စောင့်ကြည့်ခြင်း။
- ကားရပ်နားကွင်းများနှင့် ယာဉ်ကြောသွားလာမှုကို စနစ်တကျကြီးကြပ်ထိန်းချုပ်ခြင်း။

**အမိန့်ပေးခြင်းနှင့် ထိန်းချုပ်ခြင်း**

ကြီးကြပ်သူများနှင့် ဝန်ထမ်းအားလုံး အချင်းချင်းထိရောက်စွာ ပြောဆိုဆက်သွယ်စေပြီး ပွဲလမ်းသဘင် ထိန်းချုပ်ရေး ဌာနမှ လုပ်ရှားမှုအသီးသီး ဟန်ချက်ညီအောင် ပေါင်းစပ်ညှိနှိုင်း ထိန်းချုပ်ပေးခြင်း။

**စည်းမျဉ်း၊ စည်းကမ်းများပြဋ္ဌာန်းခြင်း**

ပွဲလမ်းသဘင်တွင် အရက်သေစာသောက်စားမှု တားမြစ်ပိတ်ပင်ခြင်းကဲ့သို့သော စည်းမျဉ်း များကို မျှတပြတ်သားစွာ ပြဋ္ဌာန်းရမည်ဖြစ်ပြီး လိုအပ်ပါက ရဲတပ်ဖွဲ့များဖြင့် ကြိုတင်ညှိနှိုင်းကာ သဘောတူမှု ရယူထားရမည်။

အခြေအနေများ ကမောက်ကမဖြစ်လာချိန်များတွင်

- အန္တရာယ်ဖြစ်နိုင်ခြေများကို ဆန်းစစ်ခြင်း လုပ်ငန်းစဉ်၏ တစိတ်တဒေသအနေဖြင့် ဖြစ်လာနိုင်ခြေရှိသည့် နှောင့်ယှက်ဖျက်ဆီးမှုများကို ခွဲခြားဖော်ထုတ်ပြီး ၎င်းတို့ကို ဖြေရှင်းမည့်နည်းလမ်းအဆင့်ဆင့် (တခါတရံ တွင် ထိုနည်းလမ်းအဆင့်ဆင့်ကို အရေးပေါ် နည်းလမ်းအဆင့်ဆင့် သို့မဟုတ် အရေးပေါ် အစီအစဉ်များဟု လည်း ခေါ်ကြသည်။) ကိုရေးဆွဲရန်။
- ယင်းကဲ့သို့ နှောင့်ယှက်ဖျက်ဆီးမှုများတစ်ခုချင်းစီအလိုက် ဝန်ထမ်းများနှင့် ပစ္စည်းကိရိယာများ ပိုမို လိုအပ်လာလိမ့်ဖြစ်ကြောင်း ထည့်သွင်းစဉ်းစားပါ။ သက်ဆိုင်ရာဝန်ထမ်းအားလုံးတို့အား လုပ်ထုံးလုပ်နည်း များကို သိရှိပါစေ။ ဝန်ထမ်းအစည်းအဝေးများ (သို့) အကျဉ်းချုပ်အသိပေးတွေ့ဆုံခြင်းများကို အဆိုပါ ပွဲလမ်းသဘင် အခမ်းအနားတစ်ရပ် မစတင်ခင်မှာ လုပ်ထုံးလုပ်နည်းများအကြောင်း ဝန်ထမ်းများအား သတိပေးရန်အတွက် အသုံးပြုနိုင်သည်။ ထိုသို့ နှောင့်ယှက်ဖျက်ဆီးမှုများနှင့် အရေးပေါ်အခြေအနေ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် အလို့ငှာ ရေးဆွဲထားသည့် နည်းလမ်းအဆင့်ဆင့်ကို စမ်းသပ်ကြည့်ရာ တွင် အစမ်းလေ့ကျင့်ခန်းများသည်လည်း အသုံးဝင်သော နည်းလမ်းတစ်ရပ်ဖြစ်သည်။
- ပွဲလမ်းသဘင်အခမ်းအနားကြီးများတွင် "ဘေးကင်းဇုံ" များဟုခေါ် ဆိုကြသည့် ကန့်သတ်ပိုင်းခြားထားသည့် နေရာများကို သတ်မှတ်ထားသင့်သည်။ လူပြည့်ကြပ်မှုများ ဆိုးရွားလာပါက တွန်းတိုက်မိခြင်းမှ ကာကွယ် ရန် လူအများကို ထိုဘေးကင်းဇုံများအတွင်းသို့ ဝင်ရောက်ဖြတ်သန်းစေနိုင်သည်။

ကြိုတင်ကာကွယ်မှုများအားလုံးသည် ထိရောက်မှုရှိပြီး ၎င်းတို့အား ရည်ရွယ်ထားသည့် ရည်ရွယ်ချက်များကို ဖြည့်တင်းရာတွင် လုံခြုံမှုရှိသည်ဆိုသော အကြောင်းအချက်ကို သေချာစေရန် လုံလောက်သောစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ အစမ်းလေ့ကျင့်ခန်းများနှင့် စမ်းသပ်စစ်ဆေးမှုများဆောင်ရွက်ခြင်းများသည် ကောင်းမွန်သော အလေ့အကျင့်များပင်ဖြစ်သည်။

အရေးပေါ်ကိစ္စရပ်များအတွက် စီစဉ်မှုကို အောက်ပါအပိုင်းတွင် ဖြည့်ဆည်းရသည်။

## ၃.၄။ အရေးပေါ်စီစဉ်မှုနှင့် နည်းလမ်းအဆင့်ဆင့်များ

အရေးပေါ်အခြေအနေများဆိုသည်မှာ ကျင်းပသည့်နေရာတွင်ရှိနေသည့် ဝန်ထမ်းမှာ ဆောင်ရွက်ပေးနိုင်စွမ်း မရှိသော အထူးကျွမ်းကျင်သူတစ်ဦးဦးမှ ချက်ချင်းလုပ်ဆောင်ပေးရန်လိုအပ်နေသော ပြင်းထန်သည့် ဒဏ်ရာ အနာတရ ရရှိမှုများ ဖြစ်လာနိုင်သည့် အခြေအနေများကို ဆိုလိုခြင်းဖြစ်သည်။ ထိုသို့သော အခြေအနေများတွင်

အရေးပေါ် ဝန်ဆောင်မှုပေးသူများမှ တက်တက်ကြွကြွပါဝင်လာတတ်ပြီး တခါတရံတွင် လူအများကိုလည်း ပွဲကျင်းပရာနေရာမှ ဘေးကင်းသို့ ပြောင်းရွှေ့ပေးရတတ်သည်။

အရေးပေါ်အခြေအနေများတွင် မီးလောင်ခြင်း၊ ပေါက်ကွဲခြင်းများ၊ ဗုံးပေါက်ကွဲစေမည်ဟု ခြိမ်းခြောက်မှုများ၊ ထိုင်ခုံနေရာများသို့ စင့်မြင့်စသည့် အဆောက်အအုံပိုင်း ပြိုကျခြင်း၊ ဓာတ်ငွေ့ယိုစိမ့်ခြင်းစသည့် အန္တရာယ်ရှိသော ဓာတုပစ္စည်းများထွက်ခြင်းနှင့် ရေလွှမ်းမိုးခြင်း (သို့) လေပြင်းတိုက်ခြင်းကဲ့သို့သော မျှော်လင့်မထားသည့် ရာသီဥတုဆိုးရွားမှုများ ပါဝင်နိုင်သည်။

အရေးပေါ်ကိစ္စရပ်များ ဖန်တီးမှုတွင် လူများ ပြွတ်သိပ်ကြပ်မှုများနှင့် ကစဉ့်ကလျားဖြစ်ခြင်း၊ စနစ်တကျမရှိခြင်း၊ ဆူဆူပူပူဖြစ်ခြင်းတို့သည် အခြေခံအကြောင်းရပ်များ ဖြစ်နိုင်သည်။ (ဥပမာ - အတားအဆီးများ စီစဉ်ထားမှုများ၊ စသည်တို့များတွင် ဝန်ပိနေခြင်း) ယင်းတို့သည်လည်း ပိုမိုခက်ခဲသော အရေးပေါ်ကိစ္စရပ်များကို ကိုင်တွယ် ဖြေရှင်းရသော အခြေခံအကြောင်းရင်းတို့ဖြစ်သည်။

အကာအရံများ လူအုပ်၏ ဝန်ပိခြင်း၊ စင်မြင့်များပေါ်တွင် လူအများစုပြုံ၍ ဝန်များစေခြင်း စသည့် အရေးပေါ်အခြေအနေများကို လူပြည့်ကြပ်ခြင်းနှင့် ရုတ်ရုတ်သဲသဲဖြစ်ခြင်းတို့မှ ဖန်တီးနိုင်သည်။ ၎င်းတို့သည်ပင်လျှင် အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းခြင်းကို ပို၍ ခက်ခဲစေနိုင်သည်။

## ၃.၄.၁။ အရေးပေါ်အခြေအနေများကို စီမံခန့်ခွဲအုပ်ချုပ်ရန် လုပ်ငန်းများ

ဤအပိုင်းသည် အရေးပေါ်အခြေအနေရပ်များတွင် လူစုလူဝေးကြောင့် အန္တရာယ်ဖြစ်နိုင်ခြေများကို နည်းသမျှနည်းစေရန် ဆောင်ရွက်သည့် အရေးပေါ်အခြေအနေဖြေရှင်းသည့် နည်းလမ်းအဆင့်ဆင့်တွင် ပါဝင်သင့်သည့် အခြေခံသဘောတရားကိစ္စရပ်များကို ဖော်ပြထားခြင်းဖြစ်သည်။

အရေးပေါ်စီစဉ်ထားမှုအဖြစ် ရေးသားထားသော အရေးပေါ် လုပ်ထုံးလုပ်နည်းများကို သိမ်းဆည်းထားရန် အရေးကြီးသည်။ အထက်ပါ အပိုင်း ၃.၁.၂ တွင် ရှင်းပြထားသည့်အတိုင်း အရေးပေါ်အခြေအနေဆိုင်ရာ အစီအစဉ်ကို ပွဲအခမ်းအနားလုံခြုံဘေးကင်းမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်စေရမည်။

ရေးဆွဲထားသည့် အရေးပေါ်စီမံချက် စာစောင်များကို ဒေသခံအာဏာပိုင်များမှ ဝန်ထမ်းများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများ၊စောင့်ကြည့်ကြပ်မတ်သူများနှင့်အခြားသက်ဆိုင်ရာဝန်ထမ်းများ၊အရေးပေါ်ဝန်ဆောင်မှုပေးသူများနှင့် ဒေသခံ အာဏာပိုင်များမှ အလွယ်တကူရရှိစေရန် ဆောင်ရွက်ပေးထားရမည်ဖြစ်သည်။

ထိုအရေးပေါ်နည်းလမ်းအဆင့်ဆင့်ကို ဝန်ထမ်းများအား သင်တန်းပေးရာတွင် ထည့်သွင်းသင်ကြားပေးသင့်ပြီး အခမ်းအနားတွင် အကျဉ်းရုံး ရှင်းလင်းတွေ့ဆုံခြင်းများတွင် ပြန်လည်ပို့ချပေးသင့်သည်။ ထိုအရေးပေါ်နည်းလမ်းအဆင့်ဆင့်နှင့် အခြားသော ဆက်စပ်သည့်အချက်အလက်များကို ကဒ်ပြားအသေး (သို့) စာရွက်တစ်ရွက်တွင် ရေးသားပြီး ဝန်ထမ်းအားလုံးကို ပေးထားသင့်သည်။

အစမ်းလေ့ကျင့်ခန်းများပြုလုပ်ခြင်းသည်လည်း ထိုနည်းလမ်းအဆင့်ဆင့်သည် အရေးပေါ်အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပါက ထိရောက်သည်ဟု သေချာစေရန် လုပ်ဆောင်နိုင်သည့် အလေ့အကျင့်ကောင်းတစ်ခုပင်ဖြစ်သည်။

အရေးပေါ်လုပ်ထုံးလုပ်နည်းများတွင် အောက်ပါစာပိုဒ်များတွင် အသေးစိတ်ရှင်းပြထားသော အကြောင်းအရာများ ပါဝင်သင့်သည်။

**အရေးပေါ်ဝန်ဆောင်မှုများအား အသိပေးအကြောင်းကြားခြင်း**

ပွဲစီစဉ်သူမှ အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်လာပါက အရေးပေါ်ဝန်ဆောင်မှုပေးသည့်အဖွဲ့များနှင့် မည်သူက ညှိနှိုင်းလုပ်ဆောင်မည်ကို ဆုံးဖြတ်ထားရမည်။ ထို့အပြင် ဆုံးဖြတ်ချက်ချနိုင်သူတစ်ဦးဦး မရှိပါက ၎င်း၏ ကိုယ်စား အခြားတစ်ဦးတစ်ယောက်အား ခန့်အပ်ပေးနိုင်သည်။

အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်နေသည်ကို သိရှိသည်နှင့်တစ်ပြိုင်နက် ရဲတပ်ဖွဲ့နှင့် အခြားသော အရေးပေါ် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကို အမြန်ဆုံးအသိပေးရန်လိုအပ်ပါသည်။

အောက်ပါသတင်းအချက်အလက်များကို အရေးပေါ်ဝန်ဆောင်မှုပေးသည့် အဖွဲ့များဆီသို့ လက်ဆင့်ကမ်းပေးသင့် သည်။

- အရေးပေါ်အခြေအနေဖြစ်ပွားသည့် နေရာ
- အရေးပေါ်အခြေအနေ၏ သဘောသဘာဝနှင့် ထိုအခြေအနေ၏ အရွယ်အစား
- အရေးပေါ်အခြေအနေဖြစ်ပွားသည့်နေရာသို့ သွားရောက်နိုင်မည့်လမ်းကြောင်းနှင့် ဆုံရပ်၊ သတိပြုရမည် မှာ ယခင်သဘောတူချမှတ်ထားသော လမ်းကြောင်းမှာ အရေးပေါ်အခြေအနေအရပ်ရပ်ကြောင့် သင့်တော်နိုင်မည်မဟုတ်ပါ။
- ဘေးဥပါဒ်အန္တရာယ်များဆိုင်ရာ မည်သို့သော သက်ဆိုင်ရာသတင်းအချက်အလက်များ။ ဥပမာ ဓာတု ပစ္စည်းများ သိုလှောင်ထားခြင်း။

**ဝန်ထမ်းများနှင့် ပြောဆိုဆက်ဆံ ဆက်သွယ်ခြင်း**

လူတစ်ဦးတစ်ယောက်မှ ဒဏ်ရာအနာတရဖြစ်ခြင်း သို့ နာမကျန်းဖြစ်ခြင်းကဲ့သို့ ကိစ္စရပ်များမှစ၍ ဘေးကင်းရာသို့ အရေးပေါ်ပြောင်းရွှေ့ရန်အထိ လိုအပ်လာသော ကိစ္စရပ်များအထိ မတူညီသောအဆင့်ရှိ အရေးပေါ်တုံ့ပြန်ခြင်းများ လိုအပ်ပေလိမ့်မည်။ ထို့ကြောင့် ပွဲကိုရပ်တန့်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာရှိသည့် တတ်ကျွမ်းလူပုဂ္ဂိုလ်တစ်ဦးကို ပွဲစတင်စီစဉ်သည့် ကာလကပင် ခန့်အပ်ထားရန် အရေးကြီးပါသည်။ ထိုတာဝန်ကို ပွဲလမ်းသဘင်အခမ်းအနား၏ ဘေးကင်းရေးဆိုင်ရာ အရာရှိမှ တာဝန်ယူရလေ့ရှိသည်။

မည်သူ့ကို အကြောင်းကြရမည်နှင့် ထိုသို့အကြောင်းကြားရာတွင် မည်သို့သော အဆင့်များကို လုပ်ဆောင်ရမည် ဆိုသည်ကို တိတိပပ ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် ကျင်းပမည့်နေရာရှိ ဝန်ထမ်းများနှင့် အခြားသော ပြင်ပမှ အဖွဲ့အစည်းများအား သတင်းအချက်အလက် လက်ဆင့်ကမ်းခြင်းဆိုင်ရာ စနစ်တစ်ခုရှိသင့်သည်။ ဝန်ထမ်းများမှ ရုတ်တရက်လိုက်ပါလာမည့် လူအုပ်ကြီးကို နိုင်နင်းစွာ မထိန်းချုပ်နိုင်ခင်အချိန်တွင် လူစုလူဝေးကို အထိတ်တလန့် မဖြစ်စေဘဲ ဝန်ထမ်းများကိုသာ အရေးပေါ်အခြေအနေအကြောင်း စဉ်ဆက်မပြတ် အသိပေးအကြောင်းကြားနိုင်ဖို့ လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရန်အတွက် နှစ်ဦးနှစ်ဖက်ကြားဆက်သွယ်နိုင်သော စကားပြောစက် သို့ စကားဝှက်အသုံးပြု၍ လူအများအကြား ကြေငြာချက်များကို အသုံးပြုနိုင်သည်။ စကားဝှက်အသုံးပြုခြင်းဖြင့် ဝန်ထမ်းများမှ စကားပြောစက်မှ သတင်းစကားများကို နားထောင်လာစေရန် (သို့) ထိန်းချုပ်သည့်နေရာကို ဖုန်းဖြင့် ဆက်သွယ်လာစေရန် အချက်ပေးရာတွင် အသုံးပြုနိုင်သည်။

ဝန်ထမ်းများသို့ အသိပေးထားသော အချက်အလက်များတွင် အရေးပေါ်အခြေအနေတစ်ရပ်၏ သဘောသဘာဝ၊ ဖြစ်ပွားသည့်နေရာ၊ လိုက်နာရမည့် နည်းလမ်းအဆင့်ဆင့်နှင့် အသုံးပြုရန် မသင့်သော ထွက်ပေါက်လမ်းကြောင်းများ နှင့် ထွက်ပေါက်များ စသည့် အခြားသော အထူးသတိပြုရမည့်အချက်များ ပါဝင်သင့်သည်။

## ပွဲကျင်းပရာ ပရဝုဏ်အတွင်းရှိ လူအများနှင့် ဆက်သွယ်မှုပြုလုပ်ခြင်း

အရေးပေါ် ကိစ္စရပ်နှင့်ပတ်သက်၍ မည်သည့်အကြောင်းအရာအား ပွဲကျင်းပရာ ပရဝုဏ်အတွင်းရှိ လူအများကို အသိပေးရန်လိုအပ်သည်နှင့် မည်သည့်အချိန်တွင် အသိပေးမည်ဆိုသည်များကို စဉ်းစားရမည်။ အဆိုပါ အရေးပေါ် ကိစ္စရပ်အား ပွဲကျင်းပရာနေရာရှိ လူများအားလုံးကို တချိန်တည်းမှာ အသိပေးမည် မပေးမည်မှာမူ ထိုအရေးပေါ် ကိစ္စရပ်၏ သဘောသဘာဝပေါ် တွင်သာ မူတည်သည်။

ပြည်သူများမှာလည်း မရင်းနှီးသောအခြေအနေတစ်ရပ်တွင် မည်သို့လုပ်ဆောင်ရမည်ကို မသေမချာဖြစ်ကာ စိတ်ရှုပ်နိုင်စရာရှိသည်။ တချို့မှာ လူစုကွဲသွားသော သူငယ်ချင်းများ၊ မိသားစုဝင်များ ရှာဖွေခြင်း၊ နောင့်နှေးမှုကို အိမ်သို့ဖုန်းဆက်အကြောင်းကြားခြင်း စသည့် အခြားသော အစီအမံများလုပ်ဆောင်ရန်သာ ပို၍စိုးရိမ်ပူပန်ကြသည်။ နည်းပေးလမ်းညွှန်မှုများကို ထောက်ပံ့သည့် နည်းလမ်းများသည် ထိုသို့သော စိုးရိမ်ပူပန်မှုများကို ဖြေရှင်းနိုင်ပြီး၊ အများပြည်သူတို့၏ တုံ့ပြန်ချက်အလျင်ကို လွှမ်းမိုးသက်ရောက်မှုရှိနိုင်သည်။

အရေးကြီးသတင်းအကြောင်းအရာများကို ထပ်ခါတလဲပြောကြားခြင်း၊ ညွှန်ကြားချက်များကို ပြောကြားရာတွင် "အနီရောင်တံခါးကို အသုံးမပြုပါနဲ့" ဟု မ- အသုံးပြု၍မပြောဘဲ " အစိမ်းရောင်တံခါးကို အသုံးပြုပါ"ဟု ပြောခြင်းတို့ဖြင့် လိုတိုရှင်းလမ်းညွှန်မှုများပေးခြင်းသည် အကျိုးရှိပါလိမ့်မည်။ သတင်းအချက်အလက်များကို ယဉ်ယဉ်ကျေးကျေး၊ သေသေချာချာ၊ တည်တည်ငြိမ်ငြိမ် ပေးရမည်ဖြစ်ပြီး အထိတ်တလန့်မဖြစ်စေရန် ဂရုပြုရမည်ဖြစ်သည်။

အောက်ပါနည်းလမ်းများ ပေါင်းစပ်မှုများဖြင့် ဘေးကင်းရာသို့ပြောင်းရွှေ့ရန် လူအများအားအကြောင်းကြားနိုင်သည်။

- အသံသွင်းထားသော (သို့) တိုက်ရိုက်လွှင့်သော သတင်းပေးစနစ်
- ဝန်ထမ်းများနှုတ်မှ ပြောကြားခြင်း (အသံချဲ့စက်များအသုံးပြု၍)
- အရေးပေါ် အချက်ပေးအသံစနစ်
- သတင်းအချက်အလက်များပြဆိုင်းဘုတ်များ (ရမှတ်ရေးရန် ဘုတ်ပြားများ၊ စတား-ဆက်ကရင်း စသည်ဖြင့်။)

အများပြည်သူတို့အား ပေးရမည့်သတင်းအချက်အလက်များတွင် ပါဝင်နိုင်သည်တို့မှာ -

- အသုံးပြုရမည့်ထွက်ပေါက်များနှင့် ထိုထွက်ပေါက်များသို့ မည်သို့ရောက်ရှိနိုင်မည့်အကြောင်း
- အလျဉ်းသင့်ပါက စုဝေးရောက်ရှိရမည့်နေရာ
- ညွှန်ကြားချက်များပြောကြားရခြင်း အကြောင်းအရင်းများ (ဥပမာ။ ။ လူပြည့်ကြပ်မှုမဖြစ်စေရန်....ကို အသုံးပြုပါ ဆိုသလို) ပွဲလာရောက်သူလူအများကို ငွေပြန်အမ်းခြင်း၊ ပွဲကို ပြန်လည်စီစဉ်ပေးခြင်း ဟု ပေးလျော်မည်ဟု သိစေပါ။
- ကွဲကွာနေသောမိတ်ဆွေ သူငယ်ချင်းများ၊ ဆွေမျိုးများအား စုရပ်နေရာများဆီသို့ လမ်းညွှန်ပေးခြင်း
- ပြုလုပ်ရာနေရာ၊ ဖြစ်ပွားနေရာ ပြင်ပတွင် အိမ်သာများ၊ တယ်လီဖုန်းများ ထားရှိခြင်းနှင့်
- အသုံးပြုနိုင်သော သယ်ယူပို့ဆောင်မှုဆိုင်ရာ စီစဉ်ထားမှုများအကြောင်း သတင်းပေးခြင်း

## ဘေးကင်းရာသို့ပြောင်းရွှေ့ခြင်း

ပွဲကျင်းပရာနေရာ (သို့) ထိုနေရာတစ်စိတ်တစ်ပိုင်းမှ ဘေးကင်းရာသို့ပြောင်းရွှေ့မည်ဟု ဆုံးဖြတ်ပြီးလျှင် လူအများသည် ၎င်းတို့နှင့် အကျွမ်းတဝင်ရှိသော လမ်းကြောင်းများနှင့် ထွက်ပေါက်များမှသာ ပြောင်းရွှေ့လိုတတ်ကြသည်။ ညွှန်ပြချက်ရှင်းရှင်းလင်းလင်းမရှိပါက အချို့သောလမ်းကြောင်းများနှင့် ထွက်ပေါက်များတွင် လူပြည့်ကြပ်မှုများဖြစ်လာနိုင်သည်။ အသုံးပြုနိုင်သော ထွက်ပေါက်အားလုံးကို အသုံးပြုစေရန်အတွက် အစီအမံများလိုအပ်ပြီး လူအများကို အသင့်လျော်ဆုံးသော ထွက်ပေါက်သို့ လမ်းညွှန်ကြရမည်။ ပွဲကျင်းပရာနေရာသို့ ရောက်လာသောသူများကိုလည်း အလျင်အမြန် ပြန်လည်စေလွှတ်ရန်လည်း လိုပါလိမ့်မည်။

ဘေးကင်းရာသို့ပြောင်းရွှေ့ချိန်တွင် အထူးလိုအပ်ချက်များရှိသည့် မသန်စွမ်းသူများ၊ ကလေးငယ်များ ပါလာသူများ နှင့် ကလေးတွန်းလှည်းများ ယူဆောင်လာသူများကို ကူညီပေးရန်အတွက် သင့်တော်သော အစီအမံများရှိစေရန် ဆောင်ရွက်ပါ။

ပွဲကျင်းပရာနေရာ၏ဖွဲ့စည်းပုံအဆင်အပြင်သည် ရှုပ်ထွေးပါက (သို့) ပြောင်းရွှေ့ရမည့် ဧရိယာအကျယ်အဝန်းသည် ကြီးမားပါက (သို့) ထွက်ပေါက်များနှင့် အလှမ်းဝေးနေပါက လူအများကို ပွဲကျင်းပရာ၏ လုံခြုံသောနေရာများတွင် စုဝေးစေပြီးမှသာ ထွက်ပေါက်များသို့ အဖွဲ့တစ်ဖွဲ့ချင်းစီ လိုက်ပါပို့ဆောင်ပေးခြင်းက ပို၍ လက်တွေ့ကျပါသည်။

တစ်စုံတစ်ယောက်မှ ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုလျှင် ဥပမာ - ဦးတည်ရာလမ်းကြောင်းအမှားသို့သာသွားခြင်း (သို့) ထွက်ခွာရန် ငြင်းဆန်ခြင်းတို့ ဖြစ်လာလျှင် ဝန်ထမ်းများမှ မည်သို့လုပ်ဆောင်ရမည်ကို သိရှိရန် ၎င်းတို့အား ရှင်းလင်းသောလမ်းညွှန်မှုပေးထားရန် လိုအပ်သည်။

အရေးပေါ်ယာဉ်များအတွက် ရှင်းလင်းသည့်လမ်းကြောင်းတစ်ခုရှိစေရန် ထိန်းသိမ်းထားသင့်ပြီး အရေးပေါ် ဝန်ဆောင်မှုပေးသည့် အဖွဲ့များသည် ထိုလမ်းကြောင်းကို သိရှိစေရန်ဆောင်ရွက်ရမည်။ သို့မှသာ ထွက်ခွာလာသော ယာဉ်လမ်းကြောင်းများနှင့် ဘေးကင်းရာသို့ ပြောင်းရွှေ့နေကြသော လူအုပ်စုများနှင့် ယှဉ်ပြိုင်၍ ယာဉ်လမ်းကြောင်း အသုံးပြုရခြင်းမှ ရှောင်ကြဉ်နိုင်မည်ဖြစ်သည်။

**စုဝေးသည့်နေရာများ**

လုံခြုံစိတ်ချရသောစုဝေးသည့်နေရာများမှာ ဘေးကင်းလုံခြုံရာသို့ ပြောင်းရွှေ့နိုင်စေရန် မရှိမဖြစ်လိုအပ်သည်။ လူအုပ်စုနေရာထိုင်ခင်းရရန် လုံလောက်သော ဧရိယာအကျယ်အဝန်းတို့ ရှိသင့်သည်။ ထိုဧရိယာများကို မီးလောင်တတ်သော ဓာတုပစ္စည်းများသိုလှောင်သည့် ဆိုင်များ၊ ဖုံးပေါက်ကွဲစေမည့် မြိမ်းခြောက်သည့်အခါများတွင် ကား ရပ်နားရာနေရာများ စသည့် အန္တရာယ်များသော ဧရိယာများမှ ဝေးသောနေရာများတွင် သတ်မှတ်ထားရှိသင့် သည်။ အမှတ်သင်္ကေတအများမှာ ထင်ထင်ရှားရှားပေါ်ပေါ်လွင်လွင်ဖြစ်သင့်ပြီး စုစည်းရာ ဧရိယာများရှိရာ တည်နေရာများအား မြေပုံများ(သို့) စီစဉ်ထားမှုများတွင် ရှင်းရှင်းလင်းလင်းမှတ်သားပြထားသင့်သည်။ ဘေးကင်းရာ သို့ ရွှေ့ပြောင်းခြင်း လိုအပ်လာပါက ထိုနေရာများဆီသို့ လူအများကို ညွှန်ပြရာတွင် ပို၍ လွယ်ကူစေမည်ဖြစ်သည်။

စုရပ်-စုဝေးရာနေရာများတွင်ရှိ လူအများတို့အား အောက်ပါတို့ ထောက်ပံ့ပေးသင့်သည်။

သက်ဆိုင်ရာသတင်းအချက်အလက်များ။ ဥပမာ-ကားရပ်နားရာနေရာများပိတ်ထားခြင်း၊ အိမ်သာများ၊ တယ်လီဖုန်း များနှင့် စုရပ်များရှိခြင်း စသည်။

ဖြစ်ပျက်နေသည့်အကြောင်းများကို အချိန်နှင့်တပြေးညီသိရှိစေရန် ပုံမှန်အချိန်အပိုင်းအခြားအလိုက် အကြောင်း ကြားပေးခြင်း။ (ဥပမာ - ကျင်းပမည့်နေရာကို ပြန်ဖွင့်မည်ဟုတ်၊ မဟုတ်၊ ပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည် ဟုတ်၊ မဟုတ်)

အရေးပေါ်အခြေအနေတစ်ရပ်အရ လူစုလူဝေးများ အစုလိုက်အပြုံလိုက် ထွက်ခွာခြင်းကြောင့် ထွက်ခွာရာ လမ်းကြောင်းကို ပိတ်ဆို့မှုများ ဖြစ်လာနိုင်ခြေရှိပါက အပိုင်းခြားအလိုက် ထွက်ခွာစေခြင်းကို ထည့်သွင်းစဉ်းစားရ မည်ဖြစ်သည်။

## ၃.၄.၂။ အရေးပေါ် စီမံကိန်းနှင့် လုပ်ထုံးလုပ်နည်းများတွင်ရှိ ရဲများ၏ အခန်းကဏ္ဍ

အထက်ပါ (အပိုင်း-၃.၁) တွင် ဖော်ပြထားသည့်အတိုင်း၊ စီမံကိန်းအဆင့်ဆင့် စလုပ်ခြင်းမှ မှန်ကန်သောလူများ ပါဝင်လာရန်မှာ အရေးကြီးသည်။ ဒေသခံအာဏာပိုင်များ၊ ရဲများနှင့် အခြားအရေးပေါ် ဝန်ဆောင်မှုများမှ သင့်တော်သော ကိုယ်စားလှယ်များလည်း အပါအဝင်ဖြစ်ရန်မှာ အရေးကြီးသည်။ ရဲများမှာ အဆိုပါ စီမံကိန်း အတွက်ရော၊ အရေးပေါ် ကိစ္စရပ်များကို တုံ့ပြန်ရာမှာရော ခေါင်းဆောင်နေရာ အခန်းကဏ္ဍမှ ပါဝင်ရသည်။ ပွဲလမ်း သဘင် အခမ်းအနားကြီးများတွင် ရဲများသည် တာဝန်အရ ရောက်ရှိနေလေ့ရှိကြသည်။ ၎င်းတို့၏ ထိန်းချုပ်ခန်းကို ထိုပွဲကျင်းပရာနေရာတွင် ထားရှိပြီး ရဲတပ်ဖွဲ့ဝင်များမှ အရေးပေါ် အခြေအနေများကို တုံ့ပြန်ရန် အသင့်ရှိကြသည်။

တရားစီရင်ပိုင်ခွင့်ရှိ နေရာတော်တော်များများတွင် ရဲတပ်ဖွဲ့ဝင်များ၏ အခရာကျသည့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- အသက်နှင့် ပစ္စည်းဥစ္စာတို့အား ကာကွယ်ပေးရခြင်း
- အမိန့်အား မူလအခြေအနေအတိုင်း ထိန်းသိမ်းရခြင်း
- ရာဇဝတ်မှုများ ကျူးလွန်ခြင်းမှ ကာကွယ်ခြင်း
- ရာဇဝတ်မှုကို စုံစမ်းဖော်ထုတ်ခြင်းနှင့် ကျူးလွန်သူများအား တရားဥပဒေအရ အရေးယူခြင်း [11]

**ဥပဒေရေးရာနှင့် လူ့အခွင့်အရေးများဆိုင်ရာ ထည့်သွင်းစဉ်းစားစရာများ**

ပွဲလမ်းသဘင်အခမ်းအနားတစ်ရပ်ရှိ ရဲများ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ နည်းဗျူဟာများ ဆုံးဖြတ်ရာတွင် ရဲအရာရှိကြီးများမှ အောက်ပါအကြောင်းအရာများကို ထည့်သွင်းစဉ်းစားရမည်။

- ရဲတို့၏ တာဝန်များနှင့် အခြားတရားဝင်ပြဌာန်းထားသော တာဝန်ဝတ္တရားများ
- လူ့အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်မှုများ [12]
- ရဲအရေးယူဆောင်ရွက်ရမှုအတွက် ဥပဒေအခြေခံများ
- သက်ဆိုင်ရာ ရဲတပ်ဖွဲ့၏ မူဝါဒများနှင့်
- အင်အားသုံးမှုဆိုင်ရာ အကြံပြုချက်များ
- အမိန့်အာဏာဆိုင်ရာ - ဖွဲ့စည်းတည်ဆောက်ပုံများ

ဗြိတိသျှနိုင်ငံနှင့် အခြား အချို့တရားစီရင်ပိုင်ခွင့်များတွင် ရဲများသည် ရွှေ၊ ငွေ၊ ကြေး [13] ဖွဲ့စည်းတည်ဆောက်မှုကို အသုံးပြုလျက် ရာထူးများ ဖွဲ့စည်းရသည်။ ယခု ဖွဲ့စည်းတည်ဆောက်မှုမှ အရေးပေါ် အခြေအနေနှင့်ပတ်သက်၍ မဟာဗျူဟာ၊ နည်းဗျူဟာဆိုင်ရာနှင့် အမိန့်၊ ကွပ်ကဲမှုဆိုင်ရာ တုံ့ပြန်မှုတို့ကို တည်ဆောက်ရန် မူဘောင်တစ်ခုအား ထောက်ပံ့ပေးသည်။ အရေးပေါ်အခြေအနေများတွင် အမိန့်ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် ချမှတ်ထားသော ဆုံးဖြတ်ချက်များကို ဆက်သွယ်သိရှိစေခြင်းတို့အတွက် လိုအပ်သော သတင်းအချက်အလက်များ စီးဆင်းခြင်းကို အထောက်အကူပြုစေပါသည်။

**ရွှေအဆင့် အရာရှိ**သည် စစ်ဆင်ပြုလုပ်ရန် (သို့) ဖြစ်စဉ်ဖြစ်ရပ်အတွက်၊ အလုံးစုံ အမိန့်၊ ကွပ်ကဲမှုတို့ကို တာဝန်ယူပြီး ထိန်းသိမ်းရသည်။ ၎င်းတို့တွင် ရွှေအဆင့် မဟာဗျူဟာနှင့်အတူ ငွေအဆင့် (သို့) ကြေးအဆင့် အရာရှိကြီးများမှ လိုက်နာသင့်သည့် နည်းဗျူဟာများအပေါ် တွင် တာဝန်နှင့် အာဏာသက်ရောက်မှုရှိသည်။

---

[11] College of Policing (England and Wales). https://www.app.college.police.uk/app-content/operations/operational-planning/core-principles/.

[12] ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း http://www.un.org/en/universal-declaration-human-rights/index.html.

[13] https://www.app.college.police.uk/app-content/operations/command-and-control/command-structures/.

သို့သော် ရွှေအဆင့် အရာရှိကြီးမှာ နည်းဗျူဟာဆိုင်ရာ ဆုံးဖြတ်ချက်များကို မပြုလုပ်သင့်ပါ။ ရွှေအဆင့် အရာရှိကြီးများသည် ချမှတ်ထားသော နည်းဗျူဟာများမှာ အန္တရာယ်ဖြစ်နိုင်ခြေများနှင့် အချိုးကျမှုရှိခြင်း၊ မဟာဗျူဟာ၏ ရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ တရားဥပဒေ လိုက်နာမှုရှိခြင်းတို့ ရှိစေရန် သေချာအောင်လုပ်ဆောင်ဖို့ တာဝန်ရှိပါသည်။ ထို ရွှေအဆင့်ရဲအရာရှိသည် ရွှေအဆင့်အမိန့်အာဏာရှိ အေဂျင်စီအမျိုးစုံပါဝင်သော ဖိုရမ် ဖြစ်သည့် ရွှေအုပ်စုကို ဦးဆောင်သည်။

**ငွေအဆင့်အရာရှိ**သည် အဆိုပါ မဟာဗျူဟာကို လေးစားလိုက်နာလျက် အလုံးစုံ နည်းဗျူဟာဆိုင်ရာ တုံ့ပြန်မှုကို ကွပ်ကဲအုပ်ချုပ်အမိန့်ပေးပြီး စုပေါင်း၍ ထိရောက်စွာ လုပ်ကိုင်စေမည်။ အဆိုပါ ဖြစ်စဉ်ဖြစ်ရပ်တွင် နည်းဗျူဟာဆိုင်ရာ အရာရှိဖြစ်သည်။ ယေဘုယျအားဖြင့် နည်းဗျူဟာဆိုင်ရာ အရာရှိတစ်ဦး ရှိသင့်သည်။ သို့သော် ငွေအဆင့် အရာရှိတစ်ဦးထက် ပိုရှိရန် အကြီးစားဖြစ်စဉ်များ (သို့) စစ်ဆင်ရေးများတွင် လိုအပ်နိုင်ဖွယ်ရှိသည်။ ရွှေအဆင့် အရာရှိ (အမိန့်ကွပ်ကဲမှုကို တာဝန်ယူရသည့်အခါ သို့မဟုတ် ယင်းအား တာဝန်ယူရန် ခန့်အပ်ခြင်းခံရသောအခါ) သည် ငွေအဆင့် အရာရှိများ အတော်များများကို ၄င်းတို့တစ်ဦးချင်း ကွပ်ကဲအမိန့်ပေးရမည့် သက်တမ်းနှင့်တကွ မည်သို့ခန့်အပ်ရသည်ကို ဆုံးဖြတ်ရသည်။

ငွေအဆင့်အရာရှိများသည် နည်းဗျူဟာဆိုင်ရာ အစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်နေချိန်တွင် ကြေးအဆင့်ရှိ အရာရှိများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ သူတို့သည်လည်း ကြေးအဆင့်ရှိ အရာရှိများကို မဟာဗျူဟာဆိုင်ရာ ရည်ရွယ်ချက်များကို ပိုမိုကျယ်ပြန့်သော နည်းဗျူဟာဆိုင်ရာ အစီအစဉ်မှ အဓိကအချက်များနှင့် ၎င်းတို့ တာဝန်ယူရမည့် ဧရိယာဆိုင်ရာ သေချာတိကျစွာပတ်သက်သော နည်းဗျူဟာဆိုင်ရာ ရည်မှန်းချက်များ စသည်တို့ကို နားလည်သဘောပေါက်စေရန် ပြုလုပ်ပေးသင့်သည်။

**ကြေးအဆင့်အရာရှိ**သည် အုပ်စုလိုက် အမိန့်ကွပ်ကဲမှုပြုရန်နှင့် နည်းဗျူဟာဆိုင်ရာ အစီအစဉ်နှင့် ပတ်သက်သော လက်တွေ့ကျ လုပ်ငန်းသဘောအရ (သို့) ပထဝီဝင်ဆိုင်ရာ တာဝန်များ စသည်တို့ကို စီမံဆောင်ရွက်ပြုလုပ်ရန် တာဝန်ရှိသည်။ ကြေးအဆင့်ရှိ အရာရှိများ အရေအတွက်နှင့် ၎င်းတို့၏ အခန်းကဏ္ဍများကို ဖြစ်စဉ်ဖြစ်ရပ်၏ စကေး သဘောသဘာဝတို့ဖြင့် ဆုံးဖြတ်သတ်မှတ်ရသည်။ ကြေးအဆင့် အခန်းကဏ္ဍများကို ဖြစ်စဉ်တစ်ခု ကာလ တစ်လျှောက်လုံးတွင် ဖန်တီးပြုလုပ်ရပြီး ဖျက်သိမ်းရသည်။ ထို့နောက်မှ ပထဝီဝင်ဆိုင်ရာ (ပထဝီဧရိယာအား ကွပ်ကဲအမိန့်ပေးခြင်း) (သို့) လက်တွေ့ကျ လုပ်ငန်းသဘာဝဖြစ် (အများဆိုင်ရာ အစီအစဉ်အမိန့်ကဲ့သို့ တိတိကျကျ သတ်မှတ်ထားသော လုပ်ငန်းတာဝန်အား ကွပ်ကဲအမိန့်ပေးခြင်း) စသော စဉ်းစားဆင်ခြင် ထည့်သွင်းစဉ်းစားရခြင်းများအပေါ် အခြေခံ၍ ခွဲဝေသတ်မှတ်ခန့်ခွဲနိုင်သည်။ ကြေးအဆင့်ရှိအရာရှိများသည် ငွေအဆင့်အရာရှိများမှ နည်းဗျူဟာဆိုင်ရာ အစီအစဉ်တို့ကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ထားရမည်။ ဆိုလိုသည်မှာ ၎င်းတို့မှ မည်သို့သောအရာကို ပေးပို့၊ ပေးအပ်ခြင်း၊ မည်သည့်အချိန်စကေးနှင့် မည်သို့သော အရင်းအမြစ်များဖြင့် စသည် အချို့ကြေးအဆင့် အရာရှိ အခန်းကဏ္ဍများတွင် ကျွမ်းကျင်သူတို့၏ အသိပညာ၊ ကျွမ်းကျင်မှုများ စသည်တို့ လိုအပ်သည်။ ထို့ကြောင့် သင့်လျော်စွာ လေ့ကျင့်ပေးထားပြီး ကျွမ်းကျင်မှုရှိ အရည်အချင်းရှိသော ပုဂ္ဂိုလ်များ (သို့) နောက်ပိုင်း ကျွမ်းကျင်လာသူများဆိုင်ရာကို ခွဲဝေသတ်မှတ် ခန့်ခွဲသင့်သည်။ ယင်းသည် ကျွမ်းကျင်အရည်အချင်းရှိ အရာရှိမှ ကွပ်ကဲမိန့်ပေးရသော မိမိထက်ရာထူးငယ်အရာရှိများအား ကိုင်တွယ်ရသည့်ချိန်ခါတွင်တောင် မှုခင်း ဖြစ်ပွားမှုတို့ ဖြစ်သင့်သည်။

## ရဲများအား အသေးစိတ်ညွှန်ကြားခြင်း

အရေးပေါ် စစ်ဆင်ရေးတွင် ပါဝင်ပတ်သက်သော အရာရှိများနှင့် အခြားပုဂ္ဂိုလ်များအား အသေးစိတ် ညွှန်ကြားချက်များကို ရွှေ၊ ငွေနှင့် ကြေးအဆင့်ရှိ အရာရှိများမှ စစ်ဆင်ရေးနှင့် ညွှန်ကြားချက်များ၏ လိုအပ်ချက်များအတိုင်း ဖွဲ့စည်းတည်ဆောက်သင့်သည်။ ဗြိတိသျှနိုင်ငံတွင် ရဲတို့သည် အရာရှိများအား အသေးစိတ်ညွှန်ကြားချိန်တွင် နောက်ဆက်တွဲ(က)တွင် ရုပ်ပုံဖြင့် တင်ပြထားသော ပုံစံကို အသုံးပြုကြသည်။ [14]

[14] https://www.app.college.police.uk/app-content/operations/briefing-and-debriefing/.

**ရဲမျှားအား အတွေ့အကြုံ -ဆောင်ရွက်ချက်များကို - မေးမြန်းမှတ်သားခြင်း**

ယင်းကဲ့သို့မေးမြန်းမှတ်သားခြင်းမှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းသောအထောက်အထားနှင့် ဇရိယာများကို - ဖော်ထုတ်ခွဲခြားနိုင်ရန်ဖြစ်သည်။ ရွှေ၊ ငွေ၊ ကြေးအဆင့်ရှိ အရာရှိသည် လိုအပ်သော ယင်းကဲ့သို့ မေးမြန်းမှတ်သားခြင်းဆိုင်ရာ စီစဉ်ထားမှုများကို အစောပိုင်းတွင် ထူထောင်သင့်ပြီး ဖြစ်ပေါ်စေသော မည်သို့သော မေးမြန်းမှတ်သားခြင်းဆိုင်ရာ ရုပ်ဝတ္ထုကို စုဆောင်း - ပြုစုရန်နှင့် အကဲဖြတ် - ဆုံးဖြတ်သတ်မှတ်ရန် - တာဝန်ရှိသည့်သူအား ဖော်ထုတ် ခွဲခြားနိုင်ရန်ဖြစ်သည်။

## ၃.၅။ ဆက်သွယ်ရေး ဆက်ဆံပြောဆိုခြင်း

လူစုလူဝေး ဘေးကင်းရေးကို ထိန်းသိမ်းရန် အများပြည်သူနှင့် လက်တွေ့အသုံးချရသော ဝန်ထမ်းများအကြား ကောင်းစွာဆက်ဆံပြောဆိုခြင်းသည် ဖြစ်စဉ်ဖြစ်ရပ်အား ထိရောက်စွာကိုင်တွယ်ရန် မရှိမဖြစ်လိုအပ်သော ကဏ္ဍတစ်ရပ်ဖြစ်သည်။

## ၃.၅.၁။ အများပြည်သူတို့နှင့် ဆက်ဆံပြောဆိုခြင်း

ပွဲလမ်းသဘင်အခမ်းအနားတစ်ရပ်သို့ ရောက်လာသောလူများနှင့် အချိန်မီ ရှင်းလင်းစွာ ဆက်ဆံပြောဆိုမှုသည် မည်သည့်နေရာသို့ သွားရောက်ရန် မရေမရာဖြစ်ခြင်းအား ရှောင်လွှဲရန် လိုအပ်သည်။ ယင်းသည် လူများ ပြည့်သိပ်ကြပ်နေခြင်းနှင့် စိတ်ညည်းညူခြင်းများတို့ကို ကြိုတင်တားဆီးကာကွယ်နိုင်သည်။ ထို့နောက်မှ ပြည်သူတို့အား လမ်းညွှန်ချက်တို့ကို ပိုမိုလိုက်နာ၍ လုပ်ကိုင်လိုသော စိတ်တို့ကို ပေါ်ပေါက်စေနိုင်သည်။

အများပြည်သူတို့နှင့် ထိထိရောက်ရောက် ဆက်ဆံပြောဆိုရန်မှာ နည်းလမ်းများစွာရှိသည်။ မည်သို့သော နည်းစနစ်များကို သုံးသည်ဖြစ်စေ၊ ဆက်ဆံပြောဆိုမှုတွင် တိတိကျကျ မှန်မှန်ကန်ကန် နောက်ဆုံးရ သတင်းအချက်အလက်တို့ ဖြစ်စေရန်မှာ အရေးကြီးသည်။ မိုဘိုင်းလ်ဖုန်းအက်များနှင့် ဆိုရှယ်မီဒီယာတို့ကဲ့သို့ ဒီဂျစ်တယ် နည်းစနစ်များကို အသုံးပြုလျက် သတင်းအချက်အလက်တို့ကို ထောက်ပံ့ပေးရန်မှာ ထည့်သွင်းစဉ်းစားသင့်သော နည်းလမ်းတစ်ရပ်ဖြစ်သည်။ ယင်းပွဲလာလူများအား ၎င်းတို့နှင့်သင့်တော်ကိုက်ညီမည့် ဘာသာစကားတို့ဖြင့် ဆက်ဆံပြောဆိုသည်မှာ အကောင်းဆုံးဖြစ်သည်။ အများပြည်သူတို့ကို သတင်းအချက်အလက်များ ကြိုတင် အသိပေးနိုင်ရန် ကြိုးပမ်းမှုများကို အလျဉ်းသင့်သလိုဆောင်ရွက်သင့်သည်။

ဥပမာ

- သယ်ယူပို့ဆောင်ရေးဆိုင်ရာ အချက်အလက်များ။ တွေ့ဆုံရမည့်နေရာများ၊ ဖြစ်စဉ်ဖြစ်ပွားရာနေရာမှ စည်းမျဉ်းစည်းကမ်းချက်များနှင့် တားဆီးမှုများ စသည့်တို့ကို လက်မှတ်အပေါ် (သို့) ပရိုမိုရှင်း လက်ကမ်းစာစောင်၊ စာရွက်စာတမ်းပေါ်တွင် ရေးသားထားနိုင်သည်။
- ပွဲကျင်းပရာနေရာရှိ ဝင်ပေါက်များနှင့် ထွက်ပေါက်များတွင် ဘုတ်ပြားများပေါ်တွင် ပြည်သူတို့အား လက်မှတ်များကဲ့သို့ အရာများကို အသင့်ထားရှိရန်နှင့် အဆိုပါနေရာသို့ ယူဆောင်၍မရသော တားမြစ်ပစ္စည်းအား ပြသထားရန် လိုအပ်ပါသည်။ ယင်းသည် လက်မှတ်စစ်ရာနေရာများတွင် လူပြည့်ကြပ်ခြင်းကို လျှော့ချနိုင်သည်။
- တရားဝင် နည်းလမ်းတကျဖြစ်သော သတင်းထုတ်ပြန်ချက်၊ စာရေးခြင်း (သို့) ကြော်ငြာခြင်းများ စသည်တို့ကို ဒေသခံရုပ်ကွက် ရပ်ရွာတို့အား သတင်းအချက်အလက်များ ထောက်ပံ့ပေးရန် အသုံးပြုနိုင်သည်။

ပွဲလမ်းသဘင်အခမ်းအနားတစ်ခုအား ရွှေ့ဆိုင်းခြင်း (သို့) သယ်ယူပို့ဆောင်မှု နှောင့်နှေးကြန့်ကြာသွားခြင်းတို့ ဖြစ်သည့်အခါ ပြည်သူလူထုအား မဆိုင်းမတွပဲ အလျင်အမြန် အကြောင်းကြားသင့်သည်။ ခင်းကျင်းပြသထားမည့် ဘုတ်ပြားများ၊ အများပြည်သူဆိုင်ရာ၊ အကြောင်းကြားစနစ် (သို့) အသံချဲ့စကားပြောစက်များအသုံးပြု၍

အကြောင်းကြားနိုင်သည်။ ထိုသို့သော အပြောင်းအလဲများကို ကိုင်တွယ်ဖြေရှင်းရန် ချမှတ်ထားသည့် လုပ်ငန်းစဉ်များကိုလည်း အသိပေးသင့်သည်။

သင်္ကေတများအားလုံး အထူးသဖြင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရေးပေါ် စွန့်ခွာရွှေ့ပြောင်းရမှုတို့ဆိုင်ရာ အားလုံးကို တင်ပြပေးသင့် တည်ရှိသင့်သည်။ ယင်းတို့အား အမြင်အာရုံချို့ယွင်းနေသူများနှင့် အရောင်များ ကြည့်မြင်နိုင်မှုချို့ယွင်းနေသူများမှ လွယ်လင့်တကူ ရှင်းရှင်းလင်းလင်းမြင်နိုင်ရန် သင်္ကေတများထားရှိပေးသင့်သည်။ ရှင်းလင်းပြတ်သားသော ကြေငြာချက်များသည် အမြင်အာရုံချို့ယွင်းနေသူများ၏ ဘေးကင်းမှုအတွက် အထူးပင် အရေးကြီးပါသည်။

အားနည်းသောအကြားအာရုံရှိပြည်သူလူထုတို့မှာကြည်လင်ပြတ်သားရှင်းလင်းသောမှတ်သားဖွယ်ရာစုံလင်သော စက္ခုအာရုံဆိုင်ရာ သတင်း အချက်အလက်များ စသည်တို့ တင်ပြချက်အပေါ်တွင် အားကိုးအားထားပြုရသည်။

## ၃.၅.၂။ ဝန်ထမ်းများအကြား ပြောဆိုဆက်ဆံခြင်း

### ထိန်းချုပ်သည့်နေရာများ

ဝန်ထမ်းများအကြား သတင်းအချက်အလက်တို့ ပေါ်ပေါက်မှုကို စုပေါင်း၍ထိထိ ရောက်ရောက် လုပ်ကိုင်ရန်ဖြစ်စဉ် တစ်ရပ်တစ်လျှောက်လုံးတွင် ထိန်းချုပ်သည့်နေရာများထားရှိခြင်းမှာ ကောင်းသော အလေ့အကျင့်ဖြစ်သည်။ ယင်းမှ အောက်ပါတို့ကို ကူညီနိုင်သည်။

- လူစုလူဝေး၏အရွယ်အစား၊ လူတန်းစီမှုများ၊ စိုးရိမ်စရာရှိဖြစ်ရပ်များ စသည့်ပွဲကျင်းပရာနေရာအကြောင်းကို ခြုံငုံသိရှိခြင်း
- လူစုလူဝေးစီမံခန့်ခွဲမှုအတွက် တာဝန်ရှိသောဝန်ထမ်းများ ထားရှိခြင်းနှင့်စပ်လျဉ်း၍ ဆက်စပ် ဆောင်ရွက်ခြင်း
- အရေးပေါ်ဝန်ဆောင်မှုများကဲ့သို့သော အခြားအေဂျင်စီများနှင့် လုပ်ငန်းတာဝန်များ ဆက်စပ်ဆောင်ရွက်ခြင်း

ကျင်းပရာနေရာအသေးစားများအတွက် ထိန်းချုပ်သည့်နေရာများမှာ အခြေခံဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ (ဥပမာ-တယ်လီဖုန်းနှင့် နှစ်ဦးနှစ်ဖက်ပြောကြားနိုင်သော အသံစနစ်)ရှိသော ကျောင်းခန်းတစ်ခန်း သို့ ရုံးအဆောက်အဦးတစ်နေရာနှင့် လိုအပ်သောအစီအစဉ်များနှင့် လုပ်ထုံးလုပ်နည်းချမှတ်ပြီးသော နေရာတစ်နေရာ ဖြစ်နိုင်သည်။ လေဟာပြင်တွင် ကျင်းပသည့်ပွဲများတွင် ယင်းသည် ရွက်ဖျင်တဲ သို့ တဲငယ်တစ်လုံးပင် ဖြစ်နိုင်သည်။ ကျင်းပသည့်နေရာ ကြီးကြီးမားမားများတွင်မူ ထိန်းချုပ်ရန်အတွက်သာ ရည်ရွယ်ထားသည့် တီဗွီ၊ မော်နီတာများ စသည်ဖြင့် တည်ဆောက်ထားသော ဗဟိုထိန်းချုပ်ရေးအခန်း လိုအပ်နိုင်သည်။ မကြာမကြာ ရဲများမှ ထိုထိန်းချုပ်သည့်နေရာများတွင် တာဝန်ထမ်းဆောင်ပေးခြင်းများ ပြုလုပ်တတ်ကြသည်။ ထိန်းချုပ်ရေးအခန်းများမှာ အရေးပေါ်အခြေအနေများတွင် အထူးအသုံးဝင်သည်။ ယင်းကဲ့သို့ အခြေအနေများတွင် ပြုလုပ်ဖြစ်ပွားရာ နေရာတွင်ရှိ ဝန်ထမ်းများနှင့် အရေးပေါ်ဝန်ဆောင်မှုများမှ အရေးယူဆောင်ရွက်ရမည်တို့ကို နီးနီးကပ်ကပ် စုပေါင်း၍ ထိထိရောက်ရောက် ပြုလုပ်ဆောင်ရွက်ပေးရန် လိုအပ်သည်။ ပွဲစီမံခန့်ခွဲရာတွင် ပါဝင်သည့် အဖွဲ့အစည်းအမျိုးမျိုးအကြားနှင့် ၎င်းတို့၏ ဝန်ထမ်းများအကြား ဆက်စပ်လုပ်ဆောင်ဆက်သွယ်မှု ကောင်းမွန်စေရန် ထိန်းချုပ်သည့် အခန်းတစ်ခန်းကို မျှဝေသုံးစွဲခြင်းသည်လည်း အလေ့အကျင့်ကောင်းတစ်ရပ်ဖြစ်သည်။

အောက်ပါအချက်အလက်များကို မည်သို့သောနေရာ၌ ထိန်းချုပ်သည့်နေရာများထားရှိရန်နှင့် ယင်းတို့၏ မည်သို့ တပ်ဆင်ရန် ဆုံးဖြတ်မည့်အခါတွင် ထည့်သွင်းစဉ်းစားသင့်သည်။

- ဖြစ်လာနိုင်သော ဘေးအန္တရာယ်နှင့် အန္တရာယ်ဖြစ်နိုင်ခြေများသော ဧရိယာများအနီးတွင် ထိန်းချုပ်သည့် နေရာများ ထားရှိခြင်းမှရှောင်ကြဉ်ရန်။
- တာဝန်မှအပ ဝင်ရောက်ခြင်းများ မပြုစေရန်။
- လျှပ်စစ်ပစ္စည်းများအများအပြား တပ်ဆင်ထားပါက မီးသတ်ဆေးဗူးများ ထားရှိရန်။
- အထွေထွေ ဆူညံသံများကို နည်းနိုင်သလောက်နည်းစေရန် ပြုလုပ်ထားရန်။ သို့မှသာ ဝန်ထမ်းများအကြား အခက်အခဲမရှိဘဲ ဆက်သွယ်နိုင်မည်ဖြစ်သည်။
- အရေးပေါ်အစားထိုး လျှပ်စစ်ဓါတ်အားထောက်ပံ့ပေးမှုများ၊ အရေးပေါ် လျှပ်စစ်မီးပေးစနစ်နှင့် အစားထိုး စောင့်ကြည့် စစ်ဆေး ထောက်လှမ်းရန်နှင့် ဆက်သွယ်ရန်စနစ်များ စသည်တို့ကို တပ်ဆင်ခြင်း။
- အရေးပေါ်အခြေအနေတစ်ရပ်ကြောင့် လိုအပ်သည်ရှိသော် အရံထိန်းချုပ်သည့်နေရာကို ထားရှိရန်။

ထိုနေရာများအကြောင်း ပြောဆိုဆက်သွယ်ရာတွင် ရှုပ်ထွေးမှုများမရှိစေရန် ဆောင်ရွက်ဖို့ အရေးကြီးသည်။ ယင်းကဲ့သို့သော နေရာဧရိယာများကို ဝန်ထမ်းများအားလုံး ရှင်းရှင်းလင်း နားလည်သဘောပေါက်စေနိုင်သော အမည်နာမများ(သို့) ဂဏန်း၊ နံပါတ်၊ အမှတ်စဉ်များကို ပေးထားသင့်သည်။ ပြင်ပတွင်ပြုလုပ်သော ပွဲလမ်းသဘင် အခမ်းအနားကြီးများအတွက် (မြေပုံတွင် ဆွဲထားသောလေးထောင့်ကွက်) ခေါ် (ဂရစ်) မြေပုံများသည် ဝန်ထမ်းများမှ ကျင်းပမည့်နေရာ၏ တည်နေရာတစ်ခုခုကို ရှာဖွေရာတွင် အသုံးဝင်သည်။ ဆက်သွယ်မှုလုပ်ငန်းများသည် မှန်ကန်စွာဆောင်ရွက်နိုင်သည်ဟု သေချာစေရန်ဆောင်ရွက်ပြီးသည့် လုပ်ငန်းများကို အမှတ်ခြစ်မှတ်သားနိုင်မည့် စာရွက်များကို ဝန်ထမ်းများကို ပေးထားသင့်သည်။

ဆေးဘက်ဆိုင်ရာအသင်းအဖွဲ့တို့ အသုံးပြုရန် ရေဒီယိုချမ်နယ်လိုင်းကဲ့သို့ ဆက်သွယ်မှုပုံစံကို အမြင့်ဆုံး ဦးစားပေး ရမည့် အရာများအတွက်သာ အသုံးပြုခြင်းသည် ကောင်းမွန်သော အလေ့အကျင့်တစ်ရပ်ဖြစ်သည်။

## ၃.၆။ လူစုလူဝေးများအား စောင့်ကြည့်ခြင်း

လူစုလူဝေးများအား စောင့်ကြည့်ခြင်းဖြင့် အစောပိုင်းမှာပင် လူစုလူဝေးပြဿနာများကို ရှာဖွေသိရှိနိုင်စေသော ကြောင့် လူစုလူဝေး၏ အမူအကျင့်များကို စောင့်ကြည့်ခြင်းသည် လူစုလူဝေးစီမံခန့်ခွဲမှု၏ အဓိကကျသောအပိုင်း ဖြစ်သည်။ လူစုလူဝေး ဘေးကင်းလုံခြုံမှုဆိုင်ရာ ကြိုတင်ကာကွယ်မှုများ ဖြစ်မြောက်မှု ရှိ၊ မရှိ ဆန်းစစ်ရန်လည်း အထောက်အကူဖြစ်ပါသည်။

စောင့်ကြည့်ရမည်အရာများမှာ -
- လူဦးရေအရေအတွက်စုစုပေါင်း ( ကျင်းပမည့်နေရာမှ ဆံ့သောပမာဏကို ကျော်လွန်မှုမရှိစေရန်)
- လူဦးရေဖြန့်ကျက်မှု ( လူပြည့်ကြပ်မှုကို ကူညီကာကွယ်ရန်) နှင့်
- လူစုလူဝေးပြဿနာများကို ဖော်ထုတ်ခြင်း ( လူအများ ရုတ်ရုတ်သဲသဲဖြစ်ခြင်း နှင့် လူပြည့်ကြပ်မှုများ စသည့် ပြဿနာများကို ကာကွယ်ရန်)

### ၃.၆.၁။ စောင့်ကြည့်ရမည့် နေရာများ

အန္တရာယ်ဖြစ်နိုင်ခြေများကို ဆန်းစစ်ခြင်းလုပ်ငန်းစဉ်သည် နီးနီးကပ်ကပ် စောင့်ကြည့်ရန်လိုအပ်သည့် ပြဿနာ ဖြစ်ပေါ်နိုင်သည့် နေရာများကို ဖော်ထုတ်ရမည်ဖြစ်သည်။ ထိုနေရာများသည် -

- ဝင်ပေါက်နှင့် ထွက်ပေါက်များ
- လူအုပ်မှ တဟုန်ထိုး တိုးခြင်း၊ တွန်းတိုက်ခြင်းများဖြစ်နိုင်သော ရပ်ကြည့်သည့်နေရာများ

- လူကြိုက်များသော ဆိုင်များ၊ အထင်ကရနေရာများ၊ ပြခန်းနှင့် အစားအသောက်ဆိုင်များ
- လေယာဉ်ကွင်းများ၊ စက်လှေကားများ
- လူအများတန်းစီသည့်နေရာများ
- အလုံပိတ်ထားသည့်နေရာများ၊ ကန့်သတ်ထားသည့်နေရာများ

## ၃.၆.၂။ စောင့်ကြည့်ရာတွင် အသုံးပြုရမည့် နည်းလမ်းများ

### ရေတွက်စနစ်များ

ရေတွက်စနစ်များမှ ပွဲကျင်းပသည့်နေရာအတွင်းရှိ လူအရေအတွက်ကို ကူညီခန့်မှန်းပေးနိုင်သည်။ ထိုစနစ်များသည် လူများဘယ်လောက်မြန်မြန်ဝင်ရောက်လာနေသလဲဆိုသည့်နှင့် မည်သည့်အချိန်တွင် ဧရိယာတစ်ခုသည် လူပြည့်လာမည်ဆိုသည့် အချက်အလက်တို့ကို ထိန်းချုပ်သည့်နေရာမှ ဝန်ထမ်းများအား ပံ့ပိုးပေးနိုင်သည်။

ရေတွက်စနစ်များတွင်ရှိ နမူနာများတွင်ပါဝင်သည့် အရာများမှာ -
- ဝင်ပေါက်များတွင် အသုံးပြုသည့် လက်နှိပ်ရေတွက်စက်များ
- ဂီတပွဲတော်တွင်ရှိသော ဧရိယာကဲ့သို့ အထူးဧရိယာများသို့ လူတို့အား ဝင်ရောက်ခွင့်ပြုရန် လက်ပတ်များ ထုတ်ပေးခြင်း
- အလိုအလျောက်ရေတွက်စနစ်များသို့ ဆက်သွယ်ထားသော တစ်ကြိမ်လျှင် လူတစ်ယောက်သာ ဝင်နိုင် ထွက်နိုင်သော ဆုံလည်ဂိတ်များနှင့်
- အဝင်နေရာများတွင် အာရုံခံကိရိယာများနှင့်ဆက်သွယ်ထားသော ကွန်ပျူတာသုံးစနစ်များ

အောက်ပါရေတွက်နည်းလမ်းများသည် လူအများမှ တစ်နေ့ပတ်လုံး စဉ်ဆက်မပြတ်လာရောက်နေသောနှင့် ထွက်ခွာသွားတတ်သော လေဟာပြင်တွင်ကျင်းပသည့် ပွဲများကဲ့သို့ နယ်နိမိတ်တိတိကျကျ သတ်မှတ်ထားခြင်းမရှိသော ပွဲများအတွက်ပို၍ သင့်တော်ပေလိမ့်မည်။
- အဆိုပါဖြစ်စဉ်ဖြစ်ရပ်နေရာတွင် - ဝင် /ထွက်ကြသော အရေအတွက်များကို ခန့်မှန်းရန် ဝင်ပေါက်များ၌ ဝင်ရောက်လာသော နှုန်းထားကို နမူနာယူ၍ ခန့်မှန်းရေတွက်ခြင်း
- ကားထားရာနေရာများများတွင် မည်၍မည်မျှထိ ပြည့်လာသည်ကို-စစ်ဆေးခြင်းနှင့် ပွဲခင်းသို့ ဝင်ရောက်လာသော ကားများနှင့် အဝေးပြေးဘတ်စ်ကားများကို စောင့်ကြည့်ခြင်း
- လူစုလူဝေးအားကြည့်ရန်နှင့် အရေအတွက်တို့အား ခန့်မှန်းရန် အပေါ်စီးတွင်ရှိ စီစီတီဗွီ (သို့) ဝန်ထမ်းများကို အသုံးပြုခြင်းနှင့်
- ကြိုတင်စာရင်းပေးထားခြင်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ စီစဉ်ထားမှုများ (သို့) ယခင် အတွေ့အကြုံတို့အပေါ် အခြေခံသော - လူအရေအတွက်ကို ခန့်မှန်းခြင်း

### လူစုလူဝေးများကြားမှဝန်ထမ်းများ

လူစုလူဝေးများကြားဝန်ထမ်းများထားရှိခြင်းဖြင့် ထိုဝန်ထမ်းများမှ လူစုလူဝေး ပြဿနာများကို လက်တွေ့ တွေ့ကြုံနိုင်စေသည်။ စိတ်ညည်းညူမှုများသို့ တင်းမာမှုများ၏ လက္ခဏာများကို သိရှိစေနိုင်သည်။ ထိုဝန်ထမ်းများမှ လူအများကို ကူညီပေးနိုင်ခြင်း (သို့) ထိုင်ခုံများပေါ်တွင် ခုန်ပေါက်ခြင်း၊ လူအုပ်စုများအပေါ်တွင် "လူလှိုင်းစီးကစားခြင်း" စသည့် အန္တရာယ်ရှိသော အပြုအမူများပြုလုပ်ခြင်းကို ကာကွယ်ခြင်းတို့လုပ်နိုင်သည်။

နေရာတစ်နေရာတွင် နေရာချခံရသော ဝန်ထမ်းတစ်ဦးမှ စောင့်ကြည့်ရာတွင် ၎င်းမှ ဧရိယာကျယ်ကျယ်တစ်ခုကို မည်သည့်အကာအကွယ်မှမရှိဘဲ မြင်နိုင်သည့် အပေါ်စီးရှုထောင့်များတွင် နေရာယူသင့်သည်။

ကျင်းပရာနေရာကိုလှည့်လည်ကြည့်သော ဝန်ထမ်းများမှလည်း စောင့်ကြည့်နိုင်သည်။ ထိုသို့စောင့်ကြည့်ခြင်းသည် ကျင်းပရာနေရာအတွင်း ပွဲကျင်းပနေစဉ်တချိန်ချိန်တွင် ပေါ်ပေါက်လာသည့် ပြဿနာများကိုစောင့်ကြည့်ရာတွင် သင့်တော်ပါသည်။ ဝန်ထမ်းများသည် အချိန်အပိုင်းခြားအလိုက် စစ်ဆေးရန် နေရာများ သတ်မှတ်ခွဲဝေးထားခြင်း ခံရမည်ဖြစ်သည်။

**ရုပ်မြင်သံကြား လျှပ်စီးပတ်လမ်း အပိတ် CCTV**

CCTV စနစ်များတွင် အဓိကနေရာများမှ ရွေ့လျား၍မရသော ကင်မရာများမှ အဝေးမှအရာများကို အနီးကပ်ဆွဲကြည့် နိုင်သော ကင်မရာအမြောက်အများအသုံးပြု၍ ကျယ်ကျယ်ပြန့်ပြန့် စောင့်ကြည့်ခြင်းတို့အထိ ပါဝင်သည်။ CCTV များသည် ထိန်းချုပ်သည့်နေရာများမှ တိုက်ရိုက်ရှုမြင်နိုင်သည့် ဝင်ပေါက်၊ ထွက်ပေါက်လမ်းများ၊ အခြားသော ဧရိယာများကို ချုံ့မြင်ရစေသည်။

ထိုစနစ်များသည် ဧရိယာများတွင် လူများပြန့်ကျဲမှုနှင့်စပ်လျဉ်းသည့် သတင်းအချက်ကို ထောက်ပံ့ပေးပြီး လူစု လူဝေး စီမံခန့်ခွဲမှုဆောင်ရွက်ချက်များကို စောင့်ကြည့်ရန်နှင့် ညွှန်ကြားရန်အတွက်လည်း အသုံးဝင်သည်။ CCTV များသည် ဝန်ထမ်းအမြောက်အများနေရာချထားရန်မလိုဘဲ စောင့်ကြည့်မှုများလုပ်ဆောင်နိုင်သည်။ CCTV စနစ် တစ်ခုအား ကောင်းမွန်သော စောင့်ကြပ်ခြင်း သို့ အခြားသော ဘေးကင်းလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုပုံစံများနေရာတွင် အစားထိုးအဖြစ် ထားရှိခြင်းမျိုးမဟုတ်ဘဲ အကူအညီအထောက်အပံ့ဖြစ်သည့် ပေါင်းစပ်မှုတစ်ခုအဖြစ်ပင် ထင်မြင် သင့်သည်။

CCTV စနစ်ကို လုံလုံလောက်လောက် ပြည့်ပြည့်ဝဝ ထိန်းသိမ်းပြီး စစ်ဆေးသင့်သည်။ လျှပ်စစ်ဓါတ်အား ဖြည့်ဆည်း ပေးရန် (သို့) စနစ်ပြတ်တောက်ခြင်းအား ဖြည့်ဆည်းပေးရန်လည်း အရေးပေါ်စီစဉ်ထားမှုလည်း ရှိရလိမ့်မည်။ ကြီးမားသောဖြစ်ရပ်များအတွက် အရံလျှပ်စစ်ဓါတ်အားဖြည့်ဆည်းပေးမှုသည် သင့်လျော်နိုင်ပေသည်။

## ၃.၇။ ပြန်လည်ဆန်းစစ်ခြင်း

ပွဲလမ်းသဘင်အခမ်းအနားတစ်ရပ် ပြီးဆုံးချိန်တွင် ထပ်ခါထပ်ခါဖြစ်တတ်သော အမှားများကို ရှောင်ကြဉ်ရန်၊ မည်သို့သော သင်ယူရရှိလာမှုကို အနာဂတ်ဖြစ်ရပ်များအတွက် အသုံးပြုနိုင်ရန်၊ လူစုလူဝေးဘေးကင်းရေးကို စီမံ ခန့်ခွဲအုပ်ချုပ်ရန် ရှိထားသော စီစဉ်မှုများ ကဏ္ဍမျိုးစုံအား ပြန်လည်ဆန်းစစ်ရန်အရေးကြီးသည်။ ပွဲပြီးသည့်နှင့် ထိုသို့ ပြန်လည်ဆန်းစစ်ခြင်းကို တတ်နိုင်သမျှ လုပ်ဆောင်ဖို့လိုအပ်သည်။ သို့မှသာ လူအများ၏ စိတ်ထဲတွင် အစီအမံများနှင့်ပတ်သက်၍ မှတ်မိနေနိုင်အုံးမည်ဖြစ်သည်။ ပါဝင်သည့်အဖွဲ့အစည်းများအားလုံး၏ ကိုယ်စားလှယ် များသည် ထိုပြန်လည်ဆန်းစစ်ခြင်းတွင် ပါဝင်သင့်ပြီး ရလဒ်များကို ရေးသားထားရမည်ဖြစ်သည်။ သို့မှသာ နောင်တွင် ပွဲအခမ်းအနားများကျင်းပပါက လေ့လာစရာ မှတ်တမ်းမှတ်ရာတစ်ခုအနေဖြင့် ရှိမည်ဖြစ်သည်။ ယခု လမ်းညွှန်မှုတွင်ပါရှိသော ခေါင်းစဉ်များသည် ပြန်လည်ဆန်းစစ်ခြင်းဆိုင်ရာ ရှာဖွေတွေ့ရှိမှုများကို စီစဉ်ဆောင်ရွက် ရန် အသုံးဝင်သော ဖွဲ့စည်းမှုဘောင်ကို ထောက်ပံ့ပေးလိမ့်မည်။

## ၄။ နိဂုံး

ဘေးကင်းလုံခြုံသော ပွဲလမ်းသဘင်အခမ်းအနားတစ်ရပ်ကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရန်အတွက် ပွဲစီစဉ်သူများနှင့် အခြားသော အေဂျင်စီများအားလုံးမှ ဤလမ်းညွှန်တွင် ရေးသားဖော်ပြထားသည့် အဆင့်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်သည်။

ဘေးကင်းလုံခြုံပြီး ဒုက္ခကင်းဝေးသော ပွဲအခမ်းအနားတစ်ခုဖြစ်ရန်အတွက် အစောပိုင်းကာလများမှပင် ကောင်းမွန်သော အစီအမံရေးဆွဲခြင်းများ လိုအပ်ပါသည်။ ထိုသို့ ရေးဆွဲရာတွင် အန္တရာယ်ဖြစ်နိုင်ခြေအလားအလာများနှင့် စပ်လျဉ်းသည့် သတင်းအချက်များစုဆောင်းခြင်း၊ ယခင်ပြုလုပ်ခဲ့မိသော အမှားများမှ သင်ခန်းစာယူခြင်း စသည့်ဖြင့် ထိရောက်သော အစီအစဉ်အစဉ်ရေးဆွဲခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် အချိန်ယူရန်လိုအပ်သည်။ ထိုအစီအစဉ်များတွင် ပွဲလာရောက်သူများသို့ကျရောက်နိုင်မည့် အန္တရာယ်ကို ပပျောက်စေခြင်း (သို့) လျှော့ချခြင်းများ လုပ်ဆောင်နိုင်စေမည့် ကြိုတင်ကာကွယ်မှုများ ပါဝင်သည်။ ထိုအစီအစဉ်များကို ရေးသားထားရမည်ဖြစ်ပြီး ပွဲအခမ်းအနား စီမံခန့်ခွဲသူများအားလုံးမှ လက်လှမ်းမီနိုင်ရမည်ဖြစ်သည်။

ရဲတပ်ဖွဲ့နှင့် အခြားသောအရေးပေါ်ဝန်ဆောင်မှုများသည် ပွဲတွင် ဖြစ်ပေါ်နိုင်သည့် အရေးပေါ်အခြေအနေအတွက် ထိရောက်သော အစီအစဉ်များနှင့် နည်းလမ်းအဆင့်ဆင့်တို့ရှိခြင်းကို သေချာစေရန် အစောပိုင်းကာလမှပင် အစီအစဉ်ရေးဆွဲခြင်းတွင် ပါဝင်သင့်သည်။

ပွဲစီစဉ်သူများအနေဖြင့် ပွဲကို ဘယ်လောက်အောင်အောင်မြင်မြင် စီမံခန့်ခွဲနိုင်ခဲ့သည့်ဆိုသည့် အကြောင်းကို ပြန်လည်ဆန်းစစ်သင့်ပြီး သင်ခန်းစာများမှတ်သားကာ ပြုလုပ်ခဲ့မိသော အမှားမျိုး အခြားသူများမှ ထပ်မံ မပြုလုပ်မိစေရန် ထိုသင်ခန်းစာများကို အခြားပွဲစီစဉ်သူများအနေဖြင့်လည်း လက်လှမ်းမီနိုင်အောင်လုပ်ဆောင်ထားရမည်။ ဘောလုံးပွဲများ၊ မီးပုံပျံပွဲများစသည့် ပုံမှန်ကျင်းပလေ့ရှိသော ပွဲများတွင် ထိုသို့သော ပြန်လည်ဆန်းစစ်ခြင်းသည် အထူးပင် သင့်လျော်သည်။

# နောက်ဆက်တွဲ (က)

**ဗြိတိသျှနိုင်ငံ၏ ရဲဆိုင်ရာ အသေးစိတ်ညွှန်ကြားချက် ပုံစံ [15]**

| | |
|---|---|
| သတင်းအချက်အလက်များ | လုပ်ငန်းဆောင်ရွက်မှု အချိန်အတိုင်းအတာ၊ တည်နေရာ အသေးစိတ်များ၊ ရာဇဝင်အကျဉ်း(သက်ဆိုင်လျှင်) အကဲဖြတ်ထောက်လှမ်းခြင်း၊ လုပ်ဖော်ကိုင်ဖက်နှင့် ရပ်ကွက်ရပ်ရွာမှ ကိစ္စရပ်များ၊ ရပ်ကွက်ရပ်ရွာ အကျိုးသက်ရောက်မှုဆိုင်ရာ အကဲဖြတ်ဆုံးဖြတ်ခြင်း၊ တူညီမှု-တရားမျှတမှုဆိုင်ရာ အကဲဖြတ်ဆုံးဖြတ်ခြင်းတို့မှ ရလဒ်များ။ |
| ရည်ရွယ်ချက် | ရွှေ့အဆင့် မဟာဗျူဟာ၊ နည်းဗျူဟာဆိုင်ရာ အစီအစဉ်ထားရှိမှု၊ လုပ်ပိုင်ခွင့်အာဏာ ရရှိနိုင်မှု၊ အရေးပေါ် အစီအစဉ်များ။ |
| နည်းစနစ် | နည်းဗျူဟာဆိုင်ရာ စီစဉ်ထားမှု၊ လုပ်ပိုင်ခွင့်အာဏာရရှိနိုင်မှုနှင့် မူဝါဒဖြစ်လာနိုင်သော အရေးပေါ် ကိစ္စရပ်ဆိုင်ရာ စီစဉ်ထားမှုများ။ |
| စီမံခန့်ခွဲအုပ်ချုပ်မှု | ကွပ်ကဲအမိန့်ပေးအရာရှိများ၊ တိတိကျကျ သတ်မှတ်ထားသောအရာရှိ ဆိုင်ရာ တာဝန်များ၊ လုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ မူဝါဒများ (ပြဋ္ဌာန်းထားသည့် လုပ်ရိုးလုပ်စဉ်များ၊ ဖမ်းဆီးမှုများ၊ မီဒီယာ) လုပ်ဖော်ကိုင်ဖက်တာဝန်များ တာဝန်ချိန်များနှင့် တည်နေရာများ၊ အတိုချုပ်ရှင်းလင်းတွေ့ဆုံခြင်းနှင့် တည်နေရာများ ကျန်းမာရေးနှင့် ဘေးကင်းရေး စနစ်တကျ ထိန်းသိမ်းကြပ်မတ်ပေးမှု စတိုင်နှင့် သတ်မှတ်ထားသော ဝတ်စားဆင်ယင်မှုပုံစံ။ |
| စွန့်စားမှုဆိုင်ရာ<br>အကဲဖြတ် တန်ဖိုးဖြတ်ခြင်း | သက်ဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို ဆန်းစစ်ခြင်း။ |
| ဆက်သွယ်ရေးများ | အပြန်အလှန်အကူအညီ အထောက်အကူ အမိန့်-ကွပ်ကဲမှုဆိုင်ရာ လိုက်နာရသည့် လုပ်ရိုးလုပ်စဉ်များ၊ ဆက်သွယ်ရေးများ၊ ဆိုင်ရာစီစဉ်ထားမှု၊ ရေဒီယိုဆိုင်ရာ ပစ္စည်းကိရိယာများနှင့် ချန်နယ်များ၊ သင်္ကေတပြထားခြင်းများ အများပြည်သူ သို့ ဖြန့်ဝေမည့်သတင်း အချက်အလက်များ၊ ဆက်သွယ်ရန် သတင်းအချက်အလက်များ |
| လူ့အခွင့်အရေးများနှင့်<br>အခြားဥပဒေဆိုင်ရာ<br>တရားရေးရာဆိုင်ရာ<br>ထုတ်ပြန်ချက်များ | ဥရောပ လူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်တွင်ပါရှိသည့် ပုဒ်မများမှ သက်ဆိုင်သည့်အကြောင်းအရာများ၊ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရခြင်း၏ ကျိုးကြောင်းပြချက်၊ ထုတ်ဖော်ချက်အပြည့်အစုံ။ |

[15] https://www.app.college.police.uk/app-content/operations/briefing-and-debriefing/.

The Asia Foundation
Improving Lives, Expanding Opportunities